PICA media PUBLISHING HOUSE

လက်ရွေးစင်စုစည်းမှု–၁

# ဂျင်နရယ် ရေစေတွေ နှင့် အခြားလက်ရွေးစင်ဝတ္ထုတိုများ



ပြိုင်ပွဲဝင် ဆုရလက်ရွေးစင်ဝတ္ထုတိုများလည်း ပါဝင်သည်

# အမှတ်တရ အမှာ

‘သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်း’ကို ကျွန်တော်တို့ ပီကာမီဒီယာ အယ်ဒီတာအဖွဲ့မှ ၂၀၁၃ ခုနှစ်၊ မတ်လကတည်းက လက်ပြောင်းလက်လွှဲ တာဝန်ယူထုတ်ဝေခဲ့ရာ ယခုနှစ်၂၀၁၆၊ မတ်လအထိဆိုလျှင် သုံးနှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။ ရသမဂ္ဂဇင်းဈေးကွက် ယိုင်နဲ့ လာသည့်ခေတ်တွင် အရဲစွန့်ထုတ်ဝေခဲ့ရသဖြင့် အခက်အခဲမျိုးစုံ ကြုံတွေ့ခဲ့ရသည် ။ အခက်အခဲများ မည်မျှပင် ကြုံတွေ့ခဲ့ပါစေ... ကျွန်တော်တို့ ကတော့ မဂ္ဂဇင်းချစ်မက်စိတ်ဖြင့် နည်းလမ်းမျိုးစုံသုံးပြီး ရင်ဆိုင်ကျော်လွှားခဲ့ကြပါသည် ။

ယခုလည်း မဂ္ဂဇင်းထုတ်ဝေသည့် သုံးနှစ်ပြည့်အမှတ်တရအဖြစ်၊ နောက်ထပ်အခက်အခဲ တစ်ခုလည်း ဖြစ်လာနိုင်ဖွယ်ရှိသည့် စုပေါင်းလုံးချင်းစာအုပ်တစ်အုပ်ကို အရဲစွန့်ပြီး ထပ်မံစီစဉ် ထုတ်ဝေလိုက်ပါသည် ။

မဂ္ဂဇင်းထုတ်ဝေစဉ်ကာလအတွင်း စာမူခအနည်းအများကို ပဓာနမထားဘဲ စာမူ ယုံယုံကြည် ကြည်ပေးပို့ခဲ့ကြသည့် စာရေးဆရာ၊ ကာတွန်းဆရာ၊ ကဗျာဆရာများ ၊ ကိုယ်ကျိုးစွန့် အနစ်နာခံကူညီပေးခဲ့ကြသော ပင်တိုင်သရုပ်ဖော် ကာတွန်းဆရာများ နှင့် အားပေးဝယ်ဖတ်ရှုခဲ့ကြသည့် ရယ်စရာချစ်သူ စာဖတ်ပရိသတ်များကို ကျေးဇူး အထူးတင်ပါသည် ။ ထို့ပြင် ကျွန်တော်တို့ ၏ မဂ္ဂဇင်း လစဉ် ပုံမှန်ထွ

က်ရှိရေးအတွက် ငွေကြေးကို ခဝါချပြီး ကာလရှည်ကြာစွာ အကြွေး ထားပေးခဲ့ကြသော ရွှေခြင်္သေ့ပုံနှိပ်တိုက်မှ ကိုဟန်လင်းနိုင်၊ ဒိုင်းမွန်းပ လိတ်နှင့် မြင့်မိုရ် စက္ကူရောင်းဝယ်ရေးတို့ အားလည်းကောင်း၊ တတ်စွမ်းသမျှ ဖြန့်ချိပေးခဲ့ကြသည့် စာပေဖြန့်ချိရေး ဆိုင်များအား လ ည်းကောင်း၊ ပေါင်ချိန် ၁၈၀ မှ ၁၂၅ ပေါင်အထိ ဝိတ်ကျသွားအောင် အပူ တပြင်းလှုပ်ရှား ရုန်းကန်ပေးသည့် ငမွဲထုတ်ဝေသူ၏ ဇနီး ဒေါ်သန္တာဝင်း အားလည်းကောင်း ကျေးဇူးအထူးတင်ပါ ကြောင်း မှတ်တမ်းတင်အပ်ပါ သည် ။

ကျွန်တော်တို့ အခက်အခဲများကို ဆက်လက်ရင်ဆိုင် ကျော်လွှားပါဦး မည်။ ။

**အယ်ဒီတာအဖွဲ့-**

**သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း**

*

# ကမ္ဘာမကျေ မှာ ခွေတဲ့ ဥဒါန်း

နန္ဒာစိုး (ဆင်ဖြူကျွန်း)

၁။

ပုထုဇဉ်လူသားတိုင်းသည် သေမှာ ကို ကြောက်ကြသူတွေချည်း ဖြစ်၏။ “တို့ က သေရမှာ ကြောက်တာ မဟုတ်ဘူး ၊ ဘာဂရုစိုက်နေရမှာ လဲ ” အစရှိသဖြင့် ဘာညာကွိကွ ကြုံးဝါးသံတွေကို လူတိုင်း ကြားဖူးကြပေလိမ့်မည်။ သို့သော် ထိုစကားတို့ သည် အကြောင်းတစ်ခုခုကြောင့် စိတ်တို စိတ်ညစ်လျှက်ရှိစဉ် ထိုသို့ “တိုသော… ညစ်သော” စိတ်ကလေး ထွက်ပေါက်ရစေရန် မာန်တင်း၍ ဒေါသအလျောက်၊ သောကအလျောက်၊ ငါ့လှေငါထိုး ပဂိုး(ပဲခူး)ရောက်ရောက် ဆိုသလို မျက်စိ စုံမှိတ်ကာ ရမ်းကြိတ်လိုက်ကြခြင်းသာဖြစ်သည် ။ တကယ် သေဘေးနှင့် ရင်ဆိုင်လာကြရသော အခါတွင် ကား တည်တည်ငြိမ်ငြိမ် ရင်ဆိုင်သွားနိုင်သူက ရှာမှ ရှားပင်။

ပုထုဇဉ်တွေကို ပြောပါတယ်။ ပြောတုန်းက လေတစ်လုံး မိုးတစ်လုံး ဆိုသော်လည်း တကယ် သေတွင်းသေဝ ရောက်သောအခါ “စားပြီးနား မလည်” ဖြစ်သွားကြသူတွေသာ များကြ၏။

ထိုအကြောင်းအရာမျိုးကို သာမန်လူတွေထက် ဆရာဝန်တစ်ယောက်ဖြစ်သော ဒေါက်တာ မောင်ထူးတို့ က ပို၍ ပင် သိနေသေးသည် ။ နေ့စဉ် လူကောင်းတွေထက် လူနာတွေကို ပိုထိတွေ့ ဆက်ဆံနေရတာ မဟု

တ်လား။ လူနာတွေကို ကုသကယ်တင်နေရသည် ဆိုသော်ငြား ရောဂါ ကျွမ်းနေ၍ ...၊ မီးစာကုန်ဆီခမ်း၍ ... စသဖြင့် တဖြုတ်ဖြုတ်သေနေ သော လူသေတွေကို မရေနိုင်၊ မတွက်နိုင်အောင် ဒေါက်တာမောင်ထူး တွေ့ရှိခဲ့ရဖူးသည် ပဲ။ သူ့အဖို့ လူတို့ ၏ သေခြင်းတရားသည် အဆန်းမ ဟုတ်။ မျက်စိအောက်မှာ ပင် အသက်ငင်ပြီး သေသွားကြတာမျိုးတွေကို တွေ့ရဖူးပေါင်း များ ခဲ့လှသဖြင့် ရိုးနေပြီဟု ပင် ဆိုနိုင်သည် ။ သေခြင်း တရားနှင့် ပတ်သက်လျှင် အရပ်သားတွေထက် ဆရာဝန်တွေက ပိုတွေ့ကြုံရသည် ပဲ။

သို့သော်... ဦးဘချောလိုလူနာ၏ သေပုံကတော့ဖြင့် ဒေါက်တာမော င်ထူး၏ တစ်သက်မှာ ဒီတစ်ခါပဲ ကြုံရဖူးသေးသည် ဟု ဆိုရမလိုရှိတော့ ၏။ မှန်၏။ သူ၏ တစ်သက်တာ လူနာမှတ်တမ်း တွင် ထူးဆန်းစွာ ဇီဝိန် ချုပ်သွားခဲ့သော လူနာအဖြစ်တော့ ထိုဦးဘချောကိုပဲ ပထမဆုံးလူနာအဖြစ် မှတ်တမ်းတင်ရတော့မည် ဖြစ်လေသည် ။

## ၂။

ဦးဘချောတို့ မိသားစုနှင့် ဒေါက်တာမောင်ထူးတို့ က သိဟောင်းကျွ မ်းဟောင်းများ တော့ မဟုတ်ကြပါ။ ဟောက်ဆာဂျင်ဆင်းပြီး၊ ‘ဆ-မ’လ က်မှတ်ရပြီးနောက် တာဝန်ထမ်းဆောင်ရန် ပထမဆုံး ပိုစတင်ကျလာ သော နယ်မြို့ကလေးသို့ရောက်မှ သိကျွမ်းလာရသည့် မိသားစုသာ ဖြစ် ပါသည် ။ သူတာဝန်ကျသော ဆေးရုံက တိုက်နယ်အဆင့် ဆေးရုံက လေးမျှသာဖြစ်သည် ။ မြို့ကလေးက ခပ်သေးသေး...၊ ဆေးရုံကလေးက လည်း ပုလုကွေး...၊ လူနာက ခပ်ပါးပါး...။ သည် တော့ သူပင် ဆေးရုံ အုပ်ကြီး၊ သူပင် ဆေးရုံဆရာဝန်အဖြစ် တစ်ကိုယ်တော်ပြဇာတ်ကို ကရ

လေ၏။ အကူလက်ထောက် နာ့စ် Nurse နှင့် သားဖွားဆရာမ သုံးလေးယောက်သည် သူ၏ ကျန်းမာရေးတပ်မဟာတည်း။ သူတို့ ပဲ ရဲဘော်ရဲဘက်တွေ ဖြစ်ကြတော့သည် ။

မြို့ကလေးက ငယ်သော်လည်း စီးပွားရေးဖွံ့ဖြိုးသည် ။ နယ်မြို့ငယ်ကလေးတို့ ထုံးစံအတိုင်း ဆေးရုံကို ကြောက်ကြသည် ။ "ဆေးရုံတက်ပါ"ဟု ဆိုလိုက်လျှင် မျက်စိမျက်နှာပျက်ပျက်နှင့် "မတက်လို့ မရဘူးလား ... ဆရာ၊ ဖြစ်နိုင်ရင် မတက်ပါရစေနဲ့ ၊ ဆရာနဲ့ ပဲ အပြင်မှာ ကုပါရစေ" ဟု ပြန်ပြောလာသူက အများ ဖြစ်သည် ။ သူတို့ က သူတို့ ဆေးရုံမတက်ချင်ကြသည့် ဆန္ဒကို အစွဲပြု၍ "ဆရာရယ်၊ မြို့ထဲမှာ ကိုယ်ပိုင်ဆေးခန်းလေး ဖွင့်စမ်းပါ...၊ ဆရာတို့ ဆေးရုံက မြို့အပြင်မှာ သီးခြားရှိနေတာဆိုတော့ လာရသွားရတာ မလွယ်ကူဘူး၊ လွယ်ကူတယ်ပဲ ထားဦးတော့...၊ ကျွန်မ တို့ က ဆေးရုံတက်ရမှာ ကို ကြောက်ကို ကြောက်တာဆရာရဲ့ ...၊ လူနာစောင့်မယ့်သူက ညလိုက်အိပ်ဦး၊ အိမ်ကလူတွေလဲ ထမင်းချိုင့်ပို့ဦးနဲ့ တာဝန်တွေ ပိုလှတယ်၊ မြို့ထဲမှာ ဆရာ ဆေးခန်းဖွင့်လိုက်ရင် အေးရော...၊ နေမကောင်းရင် ဆရာ့ဆေးခန်းကို ပြေးလာပြကြရုံပဲ" ဟု ဝိုင်းဝန်း တိုက်တွန်းကြ ချေသေး၏။ ထိုသို့ တောင်းဆိုလာသော ပရိသတ်က ရှစ်ဆယ်ရာနှုန်းခန့် ဖြစ်နေသည် ။

"သံဃာအား ဘုရားမဆန်သာ" ဆိုသလိုပင်။ မူလက ကိုယ်တာဝန်ကျရာ ဆေးရုံမှာ ပင် ကုသရေးကိုလုပ်ရင်း ခပ်အေးအေးနေမည်ဟု ရည်မှန်းခဲ့သော ဒေါက်တာမောင်ထူးမှာ ထိုရည်ရွယ် ချက်ကို ဖျက်၍ အများတောင်းဆိုချက်ကို လိုက်လျောကာ မြို့ထဲမှာ ဆေးခန်းဖွင့်ဖို့ နေရာရှာရလေတော့၏။ အဲဒီမှာ ပင် ဦးဘချောတို့ မိသားစုနှင့် ပတ်သက်လာခဲ့ရခြင်း ဖြစ်တော့သည် ။

ဦးဘချောတို့ အိမ်မှာ မြို့ထဲပိုင်းကျသည် ။ ဈေးနှင့် လည်း နီးသည် ။ အိမ်ကြီးက နှစ်ထပ် ပျဉ်ထောင် ငါးပင်အိမ်ကြီးဖြစ်ပြီး အောက်ထပ်မှာ နှစ်ခန်းတွဲ အခန်းကျယ်ကြီးတစ်ခု ငှားရမ်းရန် လွတ်နေသည် ။ ဒေါက်တာမောင်ထူးနှင့် ဆေးရုံတွင် လက်လုပ်ကိုင်နေရသော မြို့ခံသူနာပြု ဆရာမကြီးက ဦးဘချောတို့ မိသားစုနှင့် ရင်းနှီး၏။ ထို့ကြောင့် သူမက ကြားခံဆက်သွယ်ပေးမည်။ နေရာက အကွက်အကွင်းကျရုံမက ငှားရမ်းခဈေးနှုန်းလည်း မကြီး။ စပေါ်တွေ ဘာတွေလည်း တင်စရာမလို။ ဈေးနှုန်း ချိုချိုသာသာနှင့် ပင် ငှားရမ်းကြလိမ့်ဦးမည်။ အဘယ်ကြောင့် ဆိုသော် မိမိတို့ အိမ်အောက်ထပ်၌ 'အရေးဟဲ့' ဆို အနီးကပ်အားကိုးစရာ ဆရာဝန်တစ်ဦး ရောက်ရှိလာမည်မို့ ဦးဘချောတို့ မိသားစုက ဝမ်းသာအားရပင် ဈေးချိုချိုနှင့် လက်ခံ ငှားရမ်းပေးကြလိမ့်ဦးမည်ဟု ဆို၏။

မြို့ခံ သူနာပြုဆရာမကြီး၏ အညွှန်းဖြင့်ပင် ဒေါက်တာမောင်ထူး ခေါင်းညိတ်လိုက်ရသည် ။ တကယ်ဆက်သွယ် ငှားရမ်းသောအခါမှာ လည်း ဆရာမကြီးပြောတာ အမှန်ပင်ဖြစ်ကြောင်း တွေ့ရ၏။ သူပင် ဘာမှလိုက်မပြောလိုက်ရ... ။ ဆရာမကြီးက "ဆရာရေ... ကျွန်မနဲ့ အားလုံး ပြောပြီးပြီ၊ တစ်လကို တစ်သောင်းပဲပေးပါ... တဲ့ ၊ ကြိုမတောင်းဘူး နော်၊ တစ်လကုန်မှ တစ်ခါ ငှားရမ်းခ ရှင်းပေး ရမှာ " ဟု လာပြော၏။ ဆေးခန်းအတွက် ဒီကော်ရေးရှင်း Decoration များ ပြင်ဆင်ကြသည့် နေ့ကျမှ ဒေါက်တာမောင်ထူး သိရသည် မှာ ဤကိစ္စနှင့် ပတ်သက်၍ သူနာပြု ဆရာမကြီးက ဦးဘချောနှင့် စကားမပြောခဲ့ရဘဲ ဦးဘချောက တော် ဒေါ်ဒေါ်မြတစ်ယောက် တည်း၏ သဘောတူ ခေါင်းညိတ်မှု နှင့် ပင် အဆင်ပြေ ပြီးပြတ်ခဲ့ခြင်း ဖြစ်ကြောင်းပင်။ သူ့အနေဖြင့်မူ ဦးဘချောကိုလည်း မသိ၊ မြင်လည်း မမြင်ဖူးခဲ့။ လက်သမားတွေနှင့် အတူ ဆေးခန်းအတွက် ပြင်ဆင်နေကြချိန်တွင် ဦးဘချောက အခန်းရှေ့မှ ဖြတ်ဝင်

လာသည် ။ လုပ်ကြကိုင်ကြတာတွေကို ခဏ ဖြန့်ကျက်ကြည့်ရှုကာ မေး၏။

"ဒီမှာ ဆေးခန်းဖွင့်ကြဖို့ ဆိုတဲ့ ကိစ္စအတွက် ပြင်ဆင်နေကြတာနဲ့ တူပါရဲ့ ၊ ဟုတ်သလား… မောင်ရင်လေးတို့ "

ဦးဘချော၏ ပုံစံက ပီဘိ သူစိမ်းပြင်ပြင်ပင်။ သူ့အိမ်အောက်ထပ်မှာ လာ၍ ဆေးခန်းဖွင့်ကြ မှာ ကို အိမ်ပိုင်ရှင်မဟုတ်သော တခြားရပ်ကွက်ထဲက သူစိမ်းတစ်ယောက်က လာရောက်မေးမြန်း စပ်စုပုံမျိုးဖြစ်နေသည် ။

"ဟုတ်ပါတယ်ခင်ဗျ… နောက်နှစ်ရက်လောက်ရှိမှ ဖွင့်နိုင်လိမ့်မယ်၊ ဘကြီးက ဆေးခန်း ပြချင်လို့ လား"

ဆေးရုံက အကူလုပ်သားကလေးက မေးတော့ ဦးဘချောက ခေါင်းခါပြသည် ။

"မဟုတ်ပါဘူး၊ ဆေးခန်းထိုင်ကုပေးမယ့် ဆရာဝန်ကို မမြင်ဖူးလို့ သိရအောင် ကြည့်တာပါ"

"ဪ…၊ ဆရာ့ကို မြင်ဖူးချင်တာလား…၊ ဘကြီးရှေ့က ထိုင်ခုံမှာ ထိုင်နေတာ ဒီဆေးခန်း ဖွင့်မယ့် ဆရာဝန်ပါခင်ဗျ…၊ ဒေါက်တာ ဦးမောင်ထူးတဲ့ ၊ ကျွန်တော်တို့ မြို့ကလေးရဲ့ ဆေးရုံမှာ တာဝန်ကျလာတဲ့ ဆရာဝန်လေ"

သည် တော့မှ ဦးဘချောက ဒေါက်တာမောင်ထူးကို ငုံ့ကြည့်သည် ။ အသက်အရွယ်အရ ဂါရဝပြုရမည့် ယဉ်ကျေးမှုအရ ဒေါက်တာမောင်ထူးလည်း ထိုင်ခုံက အမြန်ထရပ်လိုက်ရလေသည် ။

"ဪ… ၊ ဆရာဝန်က ဒီက ဆရာလေးကိုး၊ ခပ်ငယ်ငယ်ပဲ ရှိသေး

တာပါကလား”

“ဟုတ်ကဲ့…၊ ကျွန်တော်ပါပဲ ခင်ဗျ…၊ နာမည်က မောင်ထူးပါခင်ဗျာ ”

“ဆရာလေးက ဆေးခန်းဖွင့်မယ့် ဆရာဝန်ဆိုတော့ မေးကြည့်ရဦးမှာ ပဲ”

“ဘာများ လဲခင်ဗျ၊ ဘာမေးစရာရှိလို့ လဲ…၊ မေးပါခင်ဗျား”

“ထူးထူးထွေထွေတော့ မဟုတ်ပါဘူး ဆရာလေးရယ်…၊ ဆရာလေးက ဒီအောက်ထပ်ကို ငှားရမ်းပြီး ဆေးခန်းဖွင့်မှာ ဆိုတော့ ငှားရမ်းခတွေ ဘာတွေရော ပိုင်ရှင်များ နဲ့ ပြေပြေလည်လည် ရှိကြရဲ့ လား”

ဒေါက်တာမောင်ထူး လုံးဝ ထင်မှတ်မျှော်လင့်မထားသော မေးခွန်းဖြစ်သည် ။ “ငှားရမ်းခ” ကိစ္စကို လာမေးသည် ဆိုတော့ “ဧကန္တ… သည်လူကြီးက မြူနီစီပယ်ကလား၊ အကောက်ခွန်ဌာန ကလား” ဟု တွေးလိုက်မိ၏။ စည်ပင်သာယာကလည်း ဖြစ်နိုင်တာပဲလေ။

“ပြေပြေလည်လည်ပါပဲခင်ဗျ၊ နှစ်ဦးနှစ်ဘက်စလုံး ကျေနပ်ကြပါတယ်၊ ဦးကြီးက ဘာလို့ မေးတာလဲ ခင်ဗျား”

“သြော်… ၊ ဒါဆိုရင်လဲအေးတာပါပဲ၊ တကယ်လို့ မပြေလည်ကြရင်လဲ ဦးကြီးက ကြားဝင် ပြောပေးတန်တာရှိ ပြောပေးရအောင်လို့ ပါ”

မပြေလည်ခဲ့သော် ကြားကဝင်၍ ညှိနှိုင်း ပြောဆိုပေးရအောင်လို့ ဟု ဆို လာလေတော့ ‘ဤပုဂ္ဂိုလ်သည် ဤရပ်ကွက်မှာ ဩဇာညောင်းသော ရပ်ကွက်လူကြီးပေလား’ဟု ဒေါက်တာ မောင်ထူး တွေးလိုက်မိရပြန်၏။

“ဟုတ်ကဲ့…၊ ခုလို ကူညီပေးဖို့ စကားပြောလာတဲ့ အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျ…၊ ဒါနဲ့ ဦးကြီးက ဘယ်သူလဲ၊ ဒီရပ်ကွက်လူကြီးများ

လား၊ ကိုယ့်ကိုယ်ကို မိတ်ဆက်ပေးပါဦးခင်ဗျ”

“မဟုတ်ပါဘူး ဆရာလေးရယ်…၊ ဦးကြီးနာမည်က ဦးဘချောတဲ့၊ ဒီအိမ်ကြီးရဲ့ ပိုင်ရှင်ကွဲ့…၊ ဒီအိမ်ကြီးဟာ ဦးကြီးမိဘများ ဆီက အမွေဆက်ခံလိုက်ရတဲ့ အိမ်ကြီးပဲ ဥစ္စာ…၊ အဲဒါ ဒီအောက်ထပ်ကို ဆေးကုသခန်းဖွင့်ဖို့ အိမ်က အဖွားကြီးက ဆရာဝန်တစ်ယောက်ကို ငှားလိုက်တယ်လို့ အခုပဲ လက်ဖက်ရည်ဆိုင်က သတင်းကြားလာခဲ့လို့ မေးစမ်းကြည့်ရတာလေ”

ဒေါက်တာမောင်ထူးသာမက ဆေးရုံကအကူ ကောင်ကလေးနှင့် အခန်းပြင်ဆင်နေကြသော လက်သမားဆရာနှစ်ဦးပါ ကိုယ့်နဖူးကိုယ် လက်ဝါးနှင့် ရိုက်လိုက်မိကြရလေသည်။ ‘လက်စသတ် တော့ အိမ်ပိုင်ရှင်စစ်စစ်ကြီးက လာမေးနေခြင်းပါကလား’ဟု အဲဒီတော့မှ သိလိုက်ကြရခြင်း ဖြစ်တော့၏။

“ဟောဗျာ…၊ အဲဒီကိစ္စကို ဦးကြီးက ဘာမှ မသိခဲ့ဘူးလားခင်ဗျာ”

“အခုတော့ လက်ဖက်ရည်ဆိုင်က သတင်းကြားလာခဲ့လို့ သိရပါပြီ ပြောပါတော့၊ အေး… အေး၊ အားလုံး အဆင်ပြေကြတယ်ဆိုရင် ပြီးတာပါပဲကွယ်…၊ ကဲ…၊ ဦးကြီးသွားမယ်နော်”

“ဟုတ်… ဟုတ်ကဲ့ခင်ဗျ”

ဦးဘချောက နှုတ်ဆက်၍ အိမ်တစ်ဘက်ခန်းသို့ ဆက်ဝင်သွားလေသည်။ ဒေါက်တာ မောင်ထူးမှာ မူ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့ရလေတော့သည်။ ဖြစ်မှ ဖြစ်ရလေ…။ ကိုယ့်အိမ် အောက်ထပ်က အခန်းနှစ်ခန်းတွဲ ငှားရမ်းတဲ့ ကိစ္စကို အရပ်ထဲရှိ လက်ဖက်ရည်ဆိုင်က သတင်း ကြားလာတော့မှ သိလာရပြီး မေးမြန်းရသည် ဆိုတော့ အတော်စဉ်းစားချင်စရာကြီး ဖြစ်နေသည်။ တကယ်ဆို ဦးဘချောက သည်

အိမ်ကြီး၏ အိမ်ပိုင်ရှင်အစစ် အိမ်ဦးနတ်ကြီးပင် မဟုတ်ပါလား။

'ဇေကန္တ သည် အိမ်က မိသားစုဝင်တွေက အိမ်ဦးနတ်ကို ပွဲတော်မဆက်ဘဲ ဥပေက္ခာရှုထား ကြလေရော့သလား'ဟု တွေးရင်း ခေါင်းကုတ်ကျန်ရစ်ခဲ့ရလေတော့သည် ။

## ၃။

ဒေါက်တာမောင်ထူးအဖို့ ဦးဘချော၏ မြို့လယ်က အိမ်ခန်းနှစ်ခန်းတွဲ မြေညီထပ်တွင် ငှားရမ်း၍ ဆေးခန်းဖွင့်ရသည် မှာ အတော်အဆင်ပြေသည် ဟု ဆိုရမည်။ သွားလာရေး လွယ်ကူသည့် အပြင် မြို့ကလေး၏ လူနာအများ စုကပင် ဆေးရုံတက်ရန်နှင့် မြို့အပြင်ကျသော ဆေးရုံသို့ လာရောက်ပြသရန် နောက်တွန့်ကြ၍ တစ်ကြောင်း၊ ဒေါက်တာမောင်ထူးကိုယ်တိုင်က ဆေးဝါးကုသမှု စရိတ်စကကို သင့်တင့်မျှတ ရုံသာ ယူလေ့ရှိသည် က တစ်ကြောင်းတို့ ကြောင့် ဆေးခန်းကလေးမှာ လူနာများ အဆက်မပြတ်လှပေ။

ထိုဆေးခန်းကလေး အောင်မြင်လာသောအခါ ဒေါက်တာမောင်ထူးမှာ တစ်ယောက်တည်း ဖင်မနိုင်၊ ခေါင်းမနိုင် ဖြစ်လာတော့သဖြင့် ဆေးခန်းအကူအဖြစ် လူငှားရတော့သည် ။ ဤကိစ္စ တွင် လည်း ဆေးရုံမှ လုပ်ဖော်ကိုင်ဖက် နာ့စ်မလေးများ ၊ သူနာပြုဆရာမများကို ငှားရမ်း၍ မဖြစ်ချေ။ အကြောင်းမူ ထိုဆရာမများမှာ လည်း သူ့ရပ်ကွက်နှင့် သူ သတ်မှတ်ထားသော နယ်မြေအလိုက် လူနာများ ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ အတွက် အလုပ်များကြရသူတွေချည်း ဖြစ်နေသောကြောင့် ပင်။ ထို့ကြောင့် သာမန်အရပ်သူများ ထဲမှ သာ ဆေးပေးရန်၊ တိုကင်နံပါတ်ပြားပေးရန်၊ လူနာအလှည့်ကျ ခေါ်ပေးရန်... စသော ဆေးခ

န်းအကူအညီလုပ်ငန်းများ အတွက် ငှားရမ်းရတော့၏။

ဤနေရာတွင် ပို၍ အဆင်ပြေသွားရသည် မှာ ဝေးဝေးက ငှားစရာမလိုဘဲ ဆေးခန်းဖွင့်ရာ နေအိမ်မှာ ပင် အလုပ်ဝင်မည့် သူက အသင့်ရှိနေခြင်း ဖြစ်၏။ ဆေးခန်းမှာ လူနာများ သဖြင့် အကူလူ ငှားရတော့မည့် အကြောင်းကို ညည်းညူမိသည် နှင့် ပင် ဦးဘချောကတော် ဒေါ်ဒေါ်မြက တောင်းပန် လာလေသည် ။

"ဆရာရယ်... ဆေးခန်းမှာ လူအကူငှားရမယ်ဆိုရင်လဲ တခြားဝေးဝေးကို ရှာမနေပါနဲ့ ၊ ဒေါ်ဒေါ့်သမီး မင်းနှမ 'ဝင်းနီလာ'ကို ခေါ်သုံးကြည့်စမ်းပါ... မတတ်တာ မသိတာတော့လဲ သင်ပြပေးပေ့ါ၊ သူလဲ ဘွဲ့ရပြီးသားပါကွယ်၊ ဆေးခန်းဖွင့်ဖို့ လဲ ဘာမှ အခက်အခဲ မရှိဘူးလေ၊ ဒီအိမ်က လူပဲဆိုတော့ ဆေးခန်းဖွင့်ချိန်မှာ သူက အောက်ထပ်ဆင်းပြီး ကြိုတင်ဖွင့်ထားရုံပဲ၊ လူနာတွေ လာတော့လဲ တိုကင် ကြိုဝေထားနှင့် ရုံပဲပေ့ါ"

ဒေါ်ဒေါ်မြပြောတာလည်း အဟုတ်သားပင်။ ဆေးခန်းအကူ ရောက်မလာနိုင်၍ ခေါင်းခြောက် စရာ မလို။ ဆေးခန်းဖွင့်သည့် အိမ်အပေါ်ထပ်မှာ ပင် ရှိနေပြီ မဟုတ်လား။ နောက်တစ်ချက်က ဆေးခန်းဖွင့်ဖို့ အတွက် အိမ်အောက်ထပ်နှစ်ခန်းတွဲကို ဈေးချိုချိုနှင့် ငှားရမ်း ပေးခဲ့ကြသော ကျေးဇူးတရား၏ မျက်နှာကို ထောက်ထားရဦးမည်။ သည် လိုနှင့် နောက်ဆုံးတော့ အိမ်ပိုင်ရှင်တို့ ၏ သမီးဖြစ်သူ 'ဝင်းနီလာ'ကိုသာ ဆေးခန်းအကူအဖြစ် ငှားရမ်းလိုက်ရတော့၏။

ဝင်းနီလာ အလုပ်စဝင်တော့ အနီးဝန်းကျင်ကလူတွေက ပြုံးစိစိဖြင့် ကလိတိတိ ကြည့်ကြ၏။ "ဒေါ်ဒေါ်မြတို့ ကတော့ ပိုင်သကွာ၊ တစ်ခါတည်း သပိတ်ဝင် အိတ်ဝင် ကြံတော့တာ...၊ အိမ်အောက်က အငှားဆေးခန်းကို အပိုင်ဆေးခန်းဖြစ်အောင် ချယ်နယ်လိုင်း ပြောင်းဖမ်းနေတာ" ဟု

တိုးတိုး တိတ်တိတ် ဝေဖန်စကားသံများကိုလည်း ကြားရ၏။ ပြောမယ် ဆိုလည်း ပြောစရာကိုး။

ဒေါက်တာမောင်ထူးက လူပျိုဆရာဝန်ဖြစ်သည် ။ ဝင်းနီလာကလည်း အသက် ၂၀ ဝန်းကျင် သာသာ လုံးကြီးပေါက်လှ အသားညိုချော အပျိုစင်ဖြစ်သည် ။ ဆိုတော့ အတွေးခေါင်ချင်စရာ၊ ဝေဖန်ကလိချင်စရာ ဖြစ်နေသည် ။ မည်သူတွေမည်သို့ ဝေဖန်စေကာမူ ဒေါက်တာမောင်ထူး အဖို့ ကတော့ ဝင်းနီလာကို ငှားရမ်းမိသည့် အတွက် အဆင်ပြေတာ အမှန်ပင်။ သူ မရောက်ခင်ပင် ဝင်းနီလာက ရေမိုးချိုး၊ အဝတ်အစားလဲပြင်ဆင်ပြီး အောက်ထပ်ဆင်းကာ ဆေးခန်းဖွင့်နှင့် ပြီး ဖြစ်သည် ။ ဆေးရုံက အရေးပေါ်လူနာကိစ္စမျိုး ရှောင်တခင်ပေါ်လာ၍ လှမ်းဖုန်းခေါ်သောကြောင့် ဆေးရုံကို ပြေးရဦးမည် ဆိုတော့လည်း နောက်ဆံငင်စရာ မလို... ။ 'နီလာရေ...၊ အချိန်တန်လို့ မှ ပြန်ရောက်မလာနိုင်ခဲ့ရင် ဒီနေ့အဖို့ ဆေးခန်းသာ ပိတ်ထားနှင့် ပေတော့...၊ ဆရာ တစ်ခေါက်ပြန်မလာနိုင်ရင် ဖုန်းလှမ်းဆက် လိုက်မယ်...'ဟု မှာ ကြားထားခဲ့ရုံနှင့် ကိစ္စပြီး၏။

ဝင်းနီလာကလည်း သူ သင်ပြပေးသမျှ ဆေးဝါးပေးပုံ၊ ကျသင့်ငွေတွက်ချက်ပုံ၊ သူ့မှတ်ချက်စာရွက်ပေါ်က မြေကြီးကို ကြက်ယက်ထားသကဲ့သို့ ရှုပ်ပွေသော ဆရာဝန်လက်ရေးကို ဖတ်ကာ နောက်ထပ် ဘယ်နှစ်ရက်ဆက်၍ ပြရန်လိုသေးသည် ဟု မှာ ကြားရန်တို့ မှ အစ ကြိုးကြိုးစားစား လိုက်နာသင်ယူကာ ဆောင်ရွက်ပေးနိုင်သဖြင့် ဒေါက်တာမောင်ထူး ဘဝင်ကျ၍ မဆုံး။ ဝင်းနီလာဆေးခန်းမှာ အလုပ်ဝင်၍ နှစ်လ၊ သုံးလအတွင်းမှာ တော့ 'ဆရာ' နှင့် 'နီလာ' ဖြစ်သော်လည်း နောင်လေးငါးခြောက်လကြာလာသော အချိန်တွင် တော့ 'အစ်ကို'နှင့် 'နီလာ' ဟု အခေါ်အဝေါ်တွေ ပြောင်းလဲတိုးတက်လာသည် ကို လူနာများ

ကြားကြရလေတော့သည် ။

ဘာကြာလိုက်လို့ တုန်း… ။ တစ်နှစ်ပြည့်လုလု ကာလတွင် အများ မျှော်လင့်ကြသည့် အတိုင်း “ဇာတ်လမ်းက မသန်း” ဖြစ်လာကြလေ တော့သည် ။ “ချဉ်သီးနှင့် ဆား… အတူထား၍ ” ဟု ပဲဆိုဆို၊ “ကြိုးချင်း ထား ကြိုးချင်းငြိ - အိုးချင်းထားတော့ အိုးချင်းထိ” ဟု ပဲပြောပြော အပျို ချော ဝင်းနီလာနှင့် လူပျိုသိုး ဒေါက်တာမောင်ထူးတို့ နဖူးစာမင်ရည်ပျစ် ပျစ်ထူကာ ချစ်သူဘဝသို့ ရောက်ရှိသွားကြ လေကုန်သတည်း။

## ၄။

ချစ်သူဘဝ ရောက်လာကြပြီဆိုတော့ ဒေါက်တာမောင်ထူးမှာ သည် အတိုင်း မနေသာတော့…။ တစ်ချိန်တစ်ခါက ကင်းကင်းနေခဲ့သော်လည်း နောင်တစ်နေ့သော အနာဂတ်တွင် ထိတွေ့ ဆက်ဆံ လာရတော့မည်ဖြစ်သော ဝင်းနီလာတို့ မိသားစုကြီးနှင့် ပတ်သ က်၍ မျက်လုံးဒေါက်ထောက်ကာ စူးစမ်း အကဲခတ်ကြည့်လာရတော့၏။ ဝင်းနီလာမှာ အစ်ကိုနှစ်ယောက်နှင့် မောင်တစ်ယောက်ရှိ၏။ ယောက်ဖ အင်အားကတော့ မသေးလှ။ သုံးယောက်တိတိရှိ၏။ တစ်ဖန် ခယ်မဖြစ် လာမည့် သူက နှစ်ယောက်… ။ သည် တော့ စုစုပေါင်း ၅ ယောက်။

ယောက်ဖအလောင်းအလျာ သုံးယောက်တွင် အကြီးဆုံးတစ်ယော က်ကတော့ ဘောလုံးသမား ဖြစ်တာကို တွေ့ရ၏။ နေ့ရှိသမျှ ဘောလုံးဂျာနယ်တွေကို တကုတ်ကုတ်ဖတ်လိုက်၊ သူနှင့် သွေးတူမွေးတူ တွေနှင့် အာဆင်နယ်က ဘယ်ကဲ့သို့၊ မန်ယူက ဘယ် ညာ၊ မောင်းထိုးလျှ င် ဘယ်နှစ်မောင်း၊ အထက်ကြေးက ဘယ်နှစ်ပြား၊ အောက်ကြေးက ဘ ယ်နှစ်ပြား… စသဖြင့် အာပေါင်အာရင်းသန်သန် ငြင်းခုန်နေသံတွေ

ကြားရ၏။ ဒါက… အကြီးဆုံးယောက်ဖ…။

သူ့အောက်က ဒုတိယယောက်ဖကို တိုးတိုးတိတ်တိတ်ကြိတ်၍ အကဲဖမ်းကြည့်ပြန်တော့ သူ့ဟာသူ တစ်ယောက်တည်း နားကြပ်ကက်ဆက်ဝေ့ါခ်မင်းတစ်လုံးနှင့် အလုပ်ရှုပ်နေလေ့ရှိတာ တွေ့ရ၏။ သူကတော့ တစ်ကိုယ်တော်။ သူတစ်ယောက်တည်းနေရင်းကပင် ပွစိပွစိဖြင့် နှုတ်ခမ်းတလှုပ်လှုပ်ရွတ်ကာ ဒေါက်တာမောင်ထူး နားမလည်နိုင်သော စကားလုံးတွေကို မြင်းအီးပေါက် သည့် နှယ် ပေါက်ပေါက်ဖောက်နေလေ့ရှိ၏။

“နီလာ…၊ နီလာရဲ့ ဒုတိယအစ်ကိုက သူ့တစ်ယောက်တည်း ဘာတွေပြောနေတာတဲ့ လဲ၊ သူက စိတ်ရောမှန်ရဲ့ လားဟင်”

“မှန်ပါတယ် အစ်ကိုရဲ့ ၊ ဝေ့ါခ်မင်းကက်ဆက်ကလေးနဲ့ နားကြပ်တပ်ပြီး နားထောင်နေတာက ရက်ပ်ပါသီချင်းတွေလေ၊ ပါးစပ်က တလှုပ်လှုပ်ရွတ်နေတာက ရက်ပ်သီချင်း စာသားတွေပါ၊ သူက… ရက်ပ်ပါဖြစ်ဖို့ ကြိုးစားနေတာတဲ့ ”

သေဟဲ့နန်ဒိယ… ။ လက်စသတ်တော့ “ရက်ပ်ပါ” တည်းဟူသော ခေတ်ပေါ်ဂီတခရေဇီ ဆိုပါကလား။ ဒေါက်တာမောင်ထူး လန့်သွားသည် ။ မသိပါဘူး။ တစ်ယောက်တည်း စကား တပြောပြောနဲ့ ဆိုတော့ ကျပ်မပြည့်တဲ့ အဆံချောင် အောက်မေ့လို့ …။

ဒုတိယပြီးတော့ တတိယယောက်ဖအငယ်ကို ဆက်လက်စူးစမ်းပြန်၏။ သည် သူငယ်ကတော့ လစဉ် လဆန်းစတင်သောရက်နှင့် လလယ်တစ်ရက်လောက်တွင် သာ ပျာယာခတ်လေ့ရှိပြီး ကျန်သည့် ၂၈ ရက်လောက်က ငြိမ်ငြိမ်သက်သက်ရှိတာကို တွေ့ရ၏။ သို့ရာတွင် သူပျာယာခတ်သော ထိုနှစ်ရက်တွင် တော့ “တောက်…၊ အသေအချာ အပိုင်ခွင်ဆိုကာမှ အလယ်ထိုင် ဖေါက်သွားတယ်” ၊ “ဟောဗျ…၊ ခုတစ်ပတ်တော့

နောက်ပိတ်လွဲသွားတာကိုး” ဟူသော မကျေမချမ်း ကြုံးဝါးသံတွေ ကို သာ ကြားရလေ့ရှိ၏။

ယောက်ဖအလောင်းအလျာ ၃ ယောက်ကတော့ သူ့နည်းနှင့် သူ ခေ သူများ မဟုတ်ကြဟု ဆုံးဖြတ်ချက်ချရမလို ရှိ၏။ “လည်(လယ်)ရာပြန် စားရေးကိစ္စ” တွင် လည်း ညီညာကြသော တောင်သူဦးကြီးများ ဖြစ်ကြ ၏။

ဆက်လက်၍ ခယ်မဖြစ်လာမည့် သူ နှစ်ဦးကိုလည်း သေသေချာချာ အကဲခတ်ကြည့်လိုက် တော့ “ပျာကလပ်စိန်”နှင့် “လေဒီဆတ်စလူး”ဟု ဘွဲ့ပေးရမည့် သူတွေချည်း။ ယောက်ဖများ နှင့် ခယ်မများ အလှည့်ပြီး၍ ယောက္ခမအလောင်းအလျာများ ဖြစ်ကြသည့် ဦးဘချောနှင့် ဒေါ်မြတို့ ကို စေ့ငုကြည့်မိပြန်၏။ နှစ်ယောက်စလုံးပင် ခပ်အေးအေး နေကြပုံရသည် ။ သို့သော် တစ်ခါတစ်ခါတွင် မူ “မမြရယ်…၊ မင်းရဲ့ ‘နှစ်လုံး’ ရောဂါက နှစ်ထဲက စသတ်ပြုတ်ပြီး ငါ့ဆီကို ‘နှလုံး’ ရောဂါအဖြစ် အသွင်ကူးပြော င်း ကူးစက်စပြုလာနေပြီနော်၊ ငါ မခံစားနိုင်တော့ဘူး” ဟူသော ဦးဘ ချော၏ ညည်းညူသံကို ကြက်သီးဘဲသီးထဖွယ် ကြားရတတ်ပြန်လေသ ည် ။ ဒေါ်ဒေါ်မြကလည်း တစ်နည်းတစ်ဖုံ ကျောချမ်းချင်စရာပါကလား။

ထိုအခါမျိုးတွင် “ကိုဘချော… ကျုပ်အာရုံနဲ့ ကျုပ် နေတာနော်၊ အပို ပူဆာမလာနဲ့ …၊ ဟိုလူနာလို ဖြစ်သွားမယ်” ဟူသည့် ဒေါ်မြ၏ ခပ်တင်း တင်း ဝမ်နင်ပေးသံနှင့် “အေးလေ…၊ ဒီလိုဖြင့်လဲ လုပ်ပေါ့…၊ ငါကတော့ ဝဋ်ရှိသမျှပေ့ါကွာ၊ တစ်နေ့တော့ ဒီဝဋ်မကျွတ်ဘဲ မနေပါဘူးကွ” ဟူ သော ဦးဘချော၏ အငေါ်တူးချေပသံကို နားဆင်ခံစားရပြန်လေသည် ။ မည်သို့ရှိစေ ဤတစ်မိသားစုလုံးတွင် သူ့ယောက္ခထီးကြီး ဦးဘချောသ ည် သာ အငြိမ်သက်ဆုံး၊ အအေးချမ်းဆုံး ဖြစ်သည် ဟု ဒေါက်တာမောင်

ထူး မှတ်ချက်ချမိ၏။

ထို့ကြောင့် မနက်ခင်းတိုင်းမှာ ဦးဘချောကြိုက်တတ်သည့် လက်ဖက်ရည်နှင့် ပဲပလာတာကို ဆေးခန်းသို့ လာလေတိုင်း ပါဆယ်ဆွဲလာဖို့ သဒ္ဓါပေါက်၏။ ယောက္ခထီးကြီးကလည်း လက်ဖက်ရည် နှင့် ပဲပလာတာ ပါဆယ်ထုပ်ကလေးတွေကို လက်ခံရယူလေတိုင်း ဒေါက်တာ မောင်ထူးကို မရိုးနိုင်သောစကားဖြင့် တုန့်ပြန်လေ့ရှိ၏။ သူ့မိသားစုကိုငဲ့ပြီး ပြောလေ့ရှိသော တုန့်ပြန်ချက်မျိုး ဖြစ်သည် ။

"ကျေးဇူးပါပဲ ဆရာလေးရယ်၊ ကျုပ်အိမ်အောက်ခန်းမှာ ဆရာလေး ဆေးခန်းလာဖွင့်ပေလို့ မနက်တိုင်း လက်ဖက်ရည်နဲ့ ပဲပလာတာကလေး မှန်မှန်မှီဝဲရပေတယ်၊ အိမ်ကလူတွေလိုသာဖြင့် ကျုပ်ငတ်နေတာ ကြာ ရော့မယ်၊ သာဓု... သာဓု... သာဓု"

## ၅။

ခုတော့ဖြင့် ဦးဘချောတစ်ယောက် သာဓုမခေါ်နိုင်တော့ပြီ။ တဖြည်းဖြည်း ကျန်းမာရေး ချို့ယွင်းလာခဲ့သော ဦးဘချောကို ဒေါက်တာမောင်ထူးကိုယ်တိုင် အနီးကပ် စောင့်ရှောက်ကုသ ပါလျက်နှင့် လက်လွှတ်ရတော့မည့်အခြေသို့ ဆိုက်ရောက်လာခဲ့ပြီဖြစ်သည် ။

ဦးဘချော၏ ရောဂါတွေကလည်း "စုံပါသော်ကော... ရောတိရော ရာ" ဆိုသလို ဖြစ်၏။ သွေးတိုး၊ နှလုံး၊ ဆီးချို အမယ်စုံလှသည် ။ အဆုတ်က မကောင်း။ အသည်းက ကြီးနေသည် ။ ကျောက်ကပ်က ကောင်းကောင်း အလုပ်မလုပ်တော့သဖြင့် တစ်ကိုယ်လုံး ဖောရောင်နေတာလည်း ရှိသေးသည် ။ ဒေါက်တာမောင်ထူးမှာ ဂဏန်းအကောင်တစ်ရာ လောက်က ဟိုမှ သည် မှ ဝိုင်းဖောက် ထားကြသော လယ်ကန်သင်းရိုး

ရေထွက်ပေါက်များ စွာကို လိုက်လံဖာထေး မြေဖို့ နေရသည့် လယ်သမားလို ဖြစ်နေ၏။ သည် တစ်ပေါက်ပိတ်တုန်း ဟိုကတစ်ပေါက်ကယို ဆိုသလို ဖြစ်နေရ၏။ တော်ရလုဆဲဆဲ ယောက္ခထီးကြီးမို့ ဒေါက်တာမောင်ထူးက ကြိုးစားကုသပါသော်လည်း ဆေးဆရာတို့ မည်သည် ဝေဒနာကိုသာ ကုနိုင်သည်၊ 'သေနာ' ကိုကား ကုနိုင်ရိုးထုံးစံ မရှိပြီ။

ယနေ့နံနက်တွင် ဒေါက်တာမောင်ထူး၏ ဆေးခန်း ပိတ်ထားသည်။ အရေးတကြီးလူနာ ဖြစ်သော ဦးဘချောကို ဆေးခန်းအပေါ်ထပ် အိမ်ခန်းထဲမှာ ကုနေရသောကြောင့် ဖြစ်သည်။ သို့သော် မရတော့ပါ။ သွေးတိုး၊ သွေးခုန်နှုန်းက တဖြည်းဖြည်း ဆုတ်ယုတ်လာနေပြီမို့ စိတ်မကောင်းစွာနှင့် ပင် ပွင့်ပွင့်လင်းလင်း အသိပေးလိုက်ရလေတော့သည်။

"မရတော့ဘူး အဒေါ်၊ ဒါ... သူ့နောက်ဆုံးအချိန်ပဲ"

သည် တော့ တစ်မိသားစုလုံး ဝိုင်းဝန်းရောက်လာကြသည်။ အိပ်ရာပေါ်မှာ ပက်လက်ကလေး မိန်းမောနေသော ဦးဘချောကို မျက်ရည်လည်ရွဲဖြင့် ဝိုင်းကြည့်နေကြသည်။ ဒေါက်တာမောင်ထူး လည်း အနားမှာရှိနေ၏။ သားအကြီးဖြစ်သူက ကက်ဆက်ကို ယူလာကာ ပရိတ်ကြီး ၁၁ သုတ် ရွတ်ဖတ်သည့် တရားတိတ်ခွေတစ်ခွေကို ထည့်ဖွင့်တော့ ဦးဘချောက မျက်လုံးဖွင့်ကြည့်ကာ လက်ဝါးကာပြသည်။ 'မဖွင့်ပါနှင့် ' ဆိုသောသဘော။ ဦးဘချော သတိလက်မလွတ်တာတော့ သေချာသည်။ ဒေါက်တာမောင်ထူးလည်း နံဘေးမှ ကြည့်ကာ စိတ်ထဲမှာ တအံ့တသြ ဖြစ်လာမိသည်။ ဟုတ်၏။ ပြောခဲ့ပါပကော...။ ဆရာဝန်တစ်ယောက် အနေဖြင့် နောက်ဆုံး အသက်ငင်နေသည့် လူနာများ စွာကို တွေ့ကြုံခဲ့ဖူးသည် ဟု ...။

ယခု ဒေါက်တာမောင်ထူး တအံ့တသြဖြစ်လာရတာက ဦးဘချော၏

တည်ငြိမ်မှု၊ ကြ္နေမြဲမပျက်မှု၊ ကြံ့ကြံ့ခံနိုင်မှုအတွက် ဖြစ်သည် ။ အသက်ထွက်ညင်သာသည် ဟူသော နောက်ဆုံး အသက်ကယ်ဆေး “ဆိုလူကော့တက်” မကလို့ ဘယ်လိုဆေးမျိုး ထိုးထားထား၊ အသက်ထွက်လုနီး လူနာတိုင်းကတော့ နည်းနည်းဖြစ်ဖြစ် ကသောင်းကနင်း ရုန်းရင်းဆန်ခတ် ဖြစ်ကြစမြဲ...။ သို့သော် ယခု ဦးဘချော၏ ပုံစံက သေခြင်းတရားကို ရင်ဆိုင်ဖို့ အတွက် မတုန်လှုပ်သော တရားထူး၊ တရားမြတ်ကို ကျင့်ကြံအားထုတ် ရရှိထားပြီးသော သာမန်ပုထုဇဉ်အဆင့်ကို ကျော်လွန်ထားပြီး ဖြစ်သည့် လူတစ်ယောက်၏ ပုံစံမျိုး ဖြစ်နေသည် ။ ဧကန္တ... သည် အဘိုးကြီး လူသူလေးပါး မသိရအောင်များ တရားထူး၊ တရားမြတ်တွေ တစ်မဂ်တစ်ဖိုလ်ရအောင် ကျင့်ကြံထားပြီး ဖြစ်နေရော့ သလားဟု ပင် သံသယဝင်ချင်စရာ ဖြစ်နေသည် ။

ထိုခဏမှာ ပင် ဦးဘချောက မျက်လုံးဖွင့်၍ ကြည့်၏။ ဒေါ်မြကို မြင်သောအခါ “မမြ” ဟု ခေါ်၏။ ဗလုံးပထွေး မဟုတ်။ လေသံက တည်တည်ငြိမ်ငြိမ်၊ သဲသဲကွဲကွဲရှိ၏။

“တော်...၊ ကိုဘချော...၊ ပြောလေ...၊ ဘာပြောချင်လို့ လဲ”

ဒေါ်မြက ငိုရှိုက်သံတစ်ဝက်ဖြင့် စကားလမ်းခင်းပေးသည် ။ မသွားခင်က လေးမှာ သူမှာ ချင်တာတွေ၊ ပြောချင်တာတွေ မှာ သွား၊ ပြောသွားပါစေတော့ဟု လမ်းဖွင့်ပေးပုံမျိုး ဖြစ်သည် ။ ဦးဘချောက ထပ်ပြောသည် ။

“ငါ့အခြေအနေ ငါသိတယ်၊ ငါကတော့ ဝဋ်ရှိသမျှပေါ့...၊ တစ်နေ့ ဒီဝဋ်ကမကျွတ်ဘဲ မနေ သေးပါဘူး လို့ ပြောခဲ့တာ မှတ်မိတယ်မဟုတ်လား...၊ အခု အဲဒီဝဋ် ကျွတ်ချိန်ကို ရောက်တော့မယ်”

“မှတ်မိပါတယ်တော်၊ ပြောလေ...၊ ဘာမှာ ချင်လို့ လဲ”

ဒေါ်မြက ငိုသံဖြင့် မေး၏။ သည် မှာ ပင် ဦးဘချော၏ လေသံက အတန်ငယ် မာလာပြန်၏။

“ဟင့်အင်း…၊ ဘာမှ မမှာ ချင်ဘူး၊ နင်တို့ က တစ်သက်လုံးက ငါထိုင်ပြောလာတာတောင် နားမထောင်ခဲ့ဘဲနဲ့ သေခါနီးမှ ထပ်မှာ နေတော့ ဘာထူးမှာ လဲ…၊ ငါ လေကုန်တာပဲ အဖတ်တင်မှာ ပေါ့၊ ငါမှာ ချင်တာက ဟိုဆရာလေးပဲ…၊ ဆရာလေး”

မမျှော်လင့်ခဲ့ပါဘဲနှင့် မြားဦးက ဒေါက်တာမောင်ထူးဘက်သို့ ဦးလှည့်လာ၏။ ဒေါက်တာ မောင်ထူး ရှေ့သို့ တိုးကပ်သွားလိုက်ရ၏။ ဦးဘချောက ဒေါက်တာမောင်ထူး၏ မျက်နှာဆီသို့ မော့ကြည့်၏။

“ခင်ဗျာ၊ ကျွန်တော်ရှိတယ်ဦးကြီး၊ ပြောပါ…၊ ဘာမှာ ချင်လို့ လဲခင်ဗျာ”

ဒေါက်တာမောင်ထူးအသံကို ကြားတော့ ဦးဘချော ကျေနပ်သွားပုံရသည် ။

“အချိန်လည်း မရှိတော့ပါဘူး၊ တိုတိုပဲ မှာ ခဲ့ပါ့မယ်၊ ဆရာလေးနဲ့ ဦးကြီးသမီး ဝင်းနီလာတို့ ကြိုက်နေကြတယ်ဆိုတာ ဟုတ်သလား”

ဒေါက်တာမောင်ထူးနှင့် ဝင်းနီလာတို့ အကြည့်ချင်း ဆုံသွားကြသည် ။ ဧကန္တတော့ သူ့သမီး ဝင်းနီလာနှင့် ဒေါက်တာမောင်ထူးတို့ မင်္ဂလာကိစ္စအတွက် ဇောကပ်နေပုံရသည် ဟု တွေးလိုက် မိကြ၏။ ရုပ်ရှင်ထဲကလို “သမီးလေးကို ဆရာလေး တစ်သက်စောင့်ရှောက်ပါ” ဆိုတာမျိုး မှာကြားခဲ့ချင်နေတာလား မသိ။ သူတို့ ချင်းကြိုက်နေကြသည့် ကိစ္စကလည်း နှုတ်က ဖွင့်မပြော ကြသည့် တိုင် ဒေါ်မြရော၊ ယောက်ဖလောင်း၊ ခယ်မလောင်းတွေ အားလုံး သိထားကြပြီးဖြစ်၍ အထူးတလည် ဖုံးကွယ်နေစရာ မရှိ။ ထို့ကြောင့် ဒေါက်တာမောင်ထူး ဝန်ခံချက်ပေးလိုက်ရ၏။

"ဟုတ်ပါတယ်... ဦးကြီး၊ အဲဒီအတွက် စိတ်ချပါခင်ဗျာ၊ ကျွန်တော် ဦးကြီးသမီးကို မိသား ဖသားပီပီ လူကြီးစုံရာနဲ့ တောင်းရမ်းလက်ထပ်ပြီး တစ်သက်လုံး သားမှတ်မှတ် မယားမှတ်မှတ်နဲ့ ..."

ဦးဘချော လက်ဝါးကာပြလိုက်၍ ဒေါက်တာမောင်ထူးစကားတွေ တစ်ဝက်တစ်ပျက်နှင့် ရပ်သွားရသည် ။ ထိုအခိုက်မှာ ပင် ဦးဘချောက ပြော၏။

" မဟုတ်ဘူး ...၊ မဟုတ်ဘူး ...၊ ကျုပ်မှာ ချင်တာက အဲလို မဟုတ်ဘူး ၊ အဲဒါက ဆရာလေးဘက်ကအပိုင်း...၊ ကျုပ်ဘက်က မှာ ချင်တဲ့ အပိုင်းက ဝင်းနီလာကိုယူမယ်ဆိုရင် မယူခင် အသေအချာ စဉ်းစားဖို့ ပါ...၊ နောက်မှ ကျုပ်လိုဖြစ်ရမှာ ကို ယောကျ်ားသားချင်း ကိုယ်ချင်းစာလို့ မှာချင်တာ...၊ ကျုပ်က ဒီအိမ်ကလူတွေ အားလုံးအကြောင်း သိပြီးသား၊ ကျုပ်ကလွဲရင် တစ်အိမ်လုံးက တစ်သွေးတည်း တစ်စိတ်တစ်ဝမ်းတည်းပဲ၊ ဒါကြောင့် ဆရာလေး သေသေချာချာ စဉ်းစားဖို့ ဆရာလေးကိုပဲ မှာ ခဲ့ချင်တာပါ...၊ ဝင်းနီလာကိုလည်း အဟုတ်မှတ်မနေနဲ့ ...၊ သူဟာ ဆရာလေးနဲ့ ရပြီးပြီဆိုတာနဲ့ မရခင်က ဘာကတိတွေပေးခဲ့ပေးခဲ့ သူဟာ လင်ဖြစ်တဲ့ ဆရာလေးရဲ့ စကားတွေကို ကန့်လန့်တိုက်မှာ အမှန်ပဲ၊ ဆရာလေးက "အရှေ့" ဆိုရင် သူက "အနောက်" ဖြစ်လိမ့်မယ်၊ ဆရာလေးက ဝါးလုံးလို့ ပြောရင် ဝါးလုံးကြီး မြင်ပါလျက်နဲ့ ဝါးခြမ်းလို့ ခွတိုက်ပြီး ငြင်းလိမ့်မယ်...၊ သူတို့ ညှော့ဝိုင်းထဲ ခွင်ထဲ ဝင်မိသွားပြီးပြီဆိုတာနဲ့ ဆရာလေး တစ်သက်လုံး စိတ်ဆင်းရဲအောင်၊ နဂိုက အကျင့်စာရိတ္တကောင်းပြီး အရက်ဆို အနံ့တောင်မခံတတ်တဲ့ ဆရာလေးကို စိတ်ညစ်ညစ်နဲ့ အရက်ချည်း ဖိသောက်သွားတဲ့ ယစ်ထုပ်ကြီးဘဝ

ရောက်အောင် နေ့ရှိသမျှ တွန်းပို့ပေးလိမ့်မယ်၊ အဲဒါ သူ့အမေ ကျုပ်မယား မမြရဲ့ နည်းလမ်းတွေပဲ၊ ဝင်းနီလာက သူတင် မကဘူး၊ သူ့ဘက်က စစ်ကူအဖြစ် ဆရာလေး ဘာပြောပြော ဘယ်တော့မှ နားမထောင်တဲ့ သားသမီး တွေလည်း မွေးပေးပြီး အိမ်ထောင်ဦးစီးကို စက္ကန့်မလပ် စိတ်ဆင်းရဲရအောင် စွမ်းဆောင်မယ့် အိမ်ဦးနတ်နှိပ်ကွပ်ရေး ကွန်မန်ဒိုအသင်းလည်း ထူထောင်ဦးမှာ မုချပဲဆိုတာ စိတ်သာချထား လိုက်ပေတော့…၊ ဒါကြောင့် မလွန်ခင်မှာ ပြူးနေအောင် စဉ်းစား”

“ခင်ဗျာ”

ဒေါက်တာမောင်ထူး ခေါင်းနပန်းကြီးသွားကာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားသလို ဝိုင်းအုံနေကြသော မိသားစုဝင်တွေလည်း ဟင်ခနဲ အလန့်တကြား ဖြစ်သွားကြ၏။ သို့သော် သူတို့ ဘာစကားမှ ပြန်နှစ်သိမ့်ချိန် မရလိုက်။ အဘယ်ကြောင့် ဆိုသော် ဦးဘချောကသူ၏ လက်ဖဝါး နှစ်ဘက်ကို လက်အုပ်ချီသည့် သဏ္ဍာန်ဖြင့် သူ့ရင်ဘတ်ပေါ် ပူးယှက်တင်လိုက်ပြီးနောက် ကြည်လင် ပီသစွာသော ဆုတောင်းစကားလုံးများကို ဆက်ပြောလာသောကြောင့် ဖြစ်သည် ။ ဦးဘချော၏ ဒေါသတကြီးအသံကို အားလုံးပင် ပီပီသသ ကြားလိုက်ကြရသည် မှာ သေချာလှတော့၏။

“ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာဘုရား…၊ တပည့်တော်၏ နောက်ဆုံး ဆုတောင်းကို သနားငဲ့ညှာစွာ ဖြည့်ဆည်းပေးတော်မူပါ၊ လင်ဖြစ်သော၊ ဖခင်ကြီးဖြစ်သော ကျွန်တော်မျိုး၏ စကားကို ဘယ်တုန်းကမှ အရေးလုပ်၊ နားမထောင်ခဲ့ကြဘဲ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးကိစ္စတွေဖြင့် ထင်ရာစိုင်းခဲ့ကြသော၊ ရပ်ထဲရွာထဲ အရှက်မရှိ ဒူးပေါ်ပေါင်ပေါ် စကတ်ကွဲတွေ၊ စွပ်ကျယ်ချိုင်းပြတ်တွေ ဝတ်စားဆင်ယင်ကာ ပျံတန်တန် နန့်တန့်တန့် ဆတ်စလူး ထနေခဲ့ကြသော သည် မယား၊ သည်

သား၊ သည် သမီးတွေနှင့် တပည့်တော်သည် ဘ၀ဆက်ဆက်၊ သံသရာဆက်ဆက် ဘယ်တော့မှ ပြန်မဆုံဘဲ အလွဲကြီး လွဲရပါလို၏၊ သင်းတို့ နှင့် တပည့်တော်သည် ယခုဘ၀ နောက်ဆုံး ဆုံတွေ့ကြရခြင်းသာ ဖြစ်ရပါလို၏ အရှင်မြတ်ဘုရား၊ ကိုင်း… မှတ်ထားကွ၊ ဘချော… တဲ့ ၊ ငါ့ကိစ္စပြီးပြီ၊ ငါသွားပြီဟေ့…၊ ခွေးသအုပ်မကြီးနဲ့ အဖွဲ့ ‘အူ’ လို့သာနေခဲ့ကြပေတော့”

ဘယ်သူမှ ဘာမှ ပြန်ပြောချိန် မရလိုက်။ ထိုစကားဆုံးသည် နှင့် အလန့်တကြား ငုံ့ကြည့်လိုက်ကြသောအခါ ဟင်းခနဲ အသံကြီးနှင့် အတူ ခေါက်ခနဲ ဇက်ကျိုးကျသွားသည့် ဦးဘချော၏ နောက်ဆုံးလှုပ်ရှားမှုကိုသာ မြင်တွေ့လိုက်ကြရလေတော့သည် ။ အူသံတွေ (အဲလေ) ငိုသံတွေကတော့ စီခနဲ…။ ။

နန္ဒာစိုး (ဆင်ဖြူကျွန်း)

အမှတ်- ၄၂၊ နိုဝင်ဘာလ၊ ၂၀၁၅
(သောင်းပြောင်းထွေလာရယ်စရာ မဂ္ဂဇင်း)

*

# ဆုံကြဦးမည့် ညပေါင်းများ စွာ

အဏ္ဏဝါစိုးမိုး

ကိုစိုးလှိုင် ပြုံးလိုက်မိသည် ။ ပြုံးလိုက်မိတာက သဘောကျလို့ မဟုတ်၊ သဘောမကျလို့ ပြုံးလိုက်မိတာ ဖြစ်သည် ။ မဖြူလေး ပြောလိုက်၊ ဆိုလိုက်သမျှ စကားတွေမှာ သဘောမကျစရာတွေက များ သည် ။ ဒါပေမယ့် နှစ်ပေါင်းနှစ်ဆယ်ကျော် ပေါင်းသင်းလာခဲ့လို့ သားသမီးသုံးယောက် မွေးဖွားပေးခဲ့သည့် ဇနီးဖြစ်လို့ သည်းခံပြီး ပေါင်းသင်းနေရတာ ဖြစ်သည် ။ မဖြူလေး စကားပြောတာတွေ တော်တော်များများ ဟာ ကိုစိုးလှိုင် သဘောမကျတာတွေချည်း ဖြစ်နေသည် ။ အခုလည်း သဘောမကျတာပြောလို့ ပြုံးလိုက်ရတာ ဖြစ်သည် ။

"ဒီနေ့ အရေးကြီးတဲ့ စကား ပြောစရာရှိတယ်၊ ရွှေတိဂုံဘုရားပေါ် သွားမယ်"

အဲဒါသာကြည့်။ အရေးကြီးတဲ့ စကား ပြောတာပဲ ကိုယ့်အိမ်မှာ ပြောလည်း ရရက်သားနဲ့ ရွှေတိဂုံဘုရားကုန်းတော်ပေါ်ကို သွားပြီး ပြောမည်ဟု ဆိုသည် ။ 'ရွှေတိဂုံဘုရားကို သွားစရာ မလိုဘူး၊ အိမ်မှာ ပဲပြောပါ' ဆိုလျှင် ဒေါသထွက်မည်။ စိတ်ကောက်မည်။ ပြဿနာတစ်ခုကြောင့် မဖြူလေး စိတ်ကောက်မှာ ကိုတော့ ကိုစိုးလှိုင်က မလိုလား၊ သူ့မယားအကြောင်း သူသိသည် ။ စိတ်ကောက်ပြီ ဆိုလျှင် အတော်အချော့ရခက်သည် ။ မဖြူလေး ကောက်နေသည့် စိတ်ဟာ ညအိပ်ရာဝင်တဲ့ အထိ ပါလာ

သည် ။ တစ်နေကုန် နှုတ်မဆက်၊ စကားမပြောဘဲ နေရုံသာမ၊ ခြင်ထောင်ထဲမှာ တစ်ဖက်စောင်း အိပ်သည် ။ တစ်ဖက်စောင်းပြီး မှောက်အိပ်သည် ။ အိပ်ချင်ယောင်ဆောင်နေတာဖြစ်လို့ နှိုးရခက်သည် ။ ကိုယ့်ဘက်ကို ဆွဲလှည့်လို့ မရ၊ ရုန်းကန် တွန်းပစ်လုပ်သည် ။ ကိုစိုးလှိုင်အတွက် ညရေးညတာ အတော်ခက်သွားတော့သည် ။ အခုလည်း အရေးကြီးသည့် စကားပြောစရာရှိလို့ ရွှေတိဂုံဘုရားကို သွားမည်ဆိုသည့် ကိစ္စကို မဆန့်ကျင်ရဲ၊ အတွန့်မတက်ရဲ ဖြစ်နေသည် ။ သူသွားချင်တာမို့ လိုက်ပို့ရတော့မည်ဖြစ်သည် ။ ဘုရားပေါ်ရောက်တော့မှ သူပြောချင်သည့် အရေးကြီးစကား ဆိုတာကို နားထောင်ရတော့မည် ဖြစ်သည် ။

ရွှေတိဂုံစေတီတော်၏ အရှေ့ဘက်မုခ် စောင်းတန်းထိပ်မှာ အငှားယာဉ်ကို ရပ်ခိုင်းပြီး ကားပေါ်က ဆင်းလိုက်ကြသည် ။ စောင်းတန်းခြေရင်းမှ ကုန်းတော်ပေါ်ရောက်အောင် လှေခါး ထစ်ပေါင်းများ စွာကို နင်းတက်ရသည့် အခါ အသက် ၅၀ ကျော်ပြီဖြစ်သည့် ကိုစိုးလှိုင် ညောင်းလာသည် ။ မောလာသည် ။ အသက် ၄၀ကျော်မျှသာ ရှိသေးသည့် မဖြူလေးတောင် ညောင်းလာဟန်တူသည် ။ မောလာဟန်တူသည် ။ ကိုစိုးလှိုင်၏ လက်မောင်းကို တွဲခိုတက်လိုက်နေ သည် ။ အိမ်ထောင်သက်နှစ်ပေါင်း ၂၀ ကျော် ပေါင်းလာသည့် ဇနီးဖြစ်လို့ ဆိုးတာ၊ ကောင်းတာ အသာထား၊ ယုယုယယ လက်တွဲခေါ်ရမည်ဆိုသည့် အသိဖြင့် ဇနီးကို တွဲခေါ်သည် ။ အမောမဆို့မီ ဘုရားကုန်းတော်ပေါ်ကို ရောက်သွားကြသည် ။

"အင်္ဂါထောင့်မှာ နေရာယူမယ်"

မဖြူလေးက ဘုရားဝတ်ပြုရမည့် နေရာကို သတ်မှတ်လိုက်သည် ။ အင်္ဂါထောင့်သည် ကိုစိုးလှိုင်၏ မွေးနံထောင့်ဖြစ်သည် ။ ဒီနေရာသည် ပ

င် အရေးကြီးတယ်ဆိုသည့် စကားကို ပြောမည့် နေရာ ဖြစ်နိုင်သည် ။ သူ့အတွက် အရေးကြီးသည့် စကားကို ပြောဖို့ နေရာရွေးခြင်းသည် သူ့မွေးနံထောင့်ဖြစ်သည့် ကြာသပတေးထောင့်ကို ရွေးသင့်သည် ။ ယခု အင်္ဂါထောင့်ကို ရွေးတာသည် ပင် ကိုစိုးလှိုင်ကို ဦးစားပေးသည့်သဘော ဖြစ်နိုင်သည် ။ ဘာပဲဖြစ်ဖြစ် ကိုစိုးလှိုင် ကျေနပ်သွားသည် ။ အင်္ဂါထောင့်က လူသူရှင်းသည့် နေရာတစ်ခုမှာ နေရာယူထိုင်ချကြပြီး ဘုရားဝတ်ပြုကြသည် ။ အရေးကြီးသည့် စကားကို ပြောကြမည်ဖြစ်လို့ လူသူရှင်းသည့် နေရာကို ရွေးချယ်လိုက်ကြတာဖြစ်သည် ။

ကိုစိုးလှိုင်နှင့် မဖြူလေးတို့ ဇနီးမောင်နှံ လင်စုံမယားဖက် ဘုရားဝတ်ပြုကြတာဖြစ်လို့ ဘေးချင်းယှဉ်ထိုင်ပြီး ဘုရားဝတ်ပြုကြသည် ။ ဘုရားရှိခိုးကတော့ ကိုယ်ရတာ ကိုယ်ဆိုကြတာ ဖြစ်သည် ။ ကိုစိုးလှိုင်မှာ ဘုရားရှိခိုးရှည်ရှည် ရထားတာမရှိလို့ တိုတိုပဲရှိခိုးပြီးသွားသည် ။ အစိန္တေယျ၊ အပ္ပမေယျ၊ ကျေးဇူးတော်အစုံ၊ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား၊ ရှိခိုးရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး... စသည့် ဘာညာသာရကာတွေမှ ကင်းလွတ်ရပါလို၏ ဘုရားဟု အဆုံးသတ်လိုက်တာ ဖြစ်သည် ။ ဘုရားရှိခိုး တိုလွန်းသည် ။ ရပ်ပြစ်၊ ရန်သူမျိုး၊ ဝိပတ္တိတရား ဆိုတာတွေကိုလည်း အပါးအရေအတွက် မှန်အောင် မသိသည့်အတွက် တိုတိုဖြင့် ဖြတ်ချလိုက်တာ ဖြစ်သည် ။ ဘုရားကို ရိုရိုသေသေ ရှိခိုးဦးချဖို့ သာ လိုရင်းဖြစ်သည် ။ ရှိခိုးရသောအကျိုးအားကြောင့် လိုချင်တာတွေ တောင်း

ခြင်းသည် အရေးမကြီးဟု ယုံကြည်လို့ လည်း တိုတိုဖြင့် ဖြတ်လိုက်တာဖြစ်သည် ။

မဖြူလေးကတော့ ဩကာသကန်တော့ချိုးဖြင့် ကန်တော့ပြီး ငါးပါးသီလယူသည် ။ ပြီးတော့မှ သူ အထူးကျက်မှတ်ထားသည့် အစိန္တေယျဘုရားရှိခိုး၊ သမ္ဗုဒ္ဓေ ဘုရားရှိခိုး၊ နှစ်ကျိပ်ရှစ်ဆူနှင့် ဂဂ်ႝ၀ါဠ္မ သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တွေကို ရှိခိုးသည့် ရှယ်ဘုရားရှိခိုးဖြင့် ရှိခိုးနေသည့် အတွက် အတော်ကြာသည် ။ သူ ဘုရားရှိခိုးကျွမ်းတာကို ကိုစိုးလှိုင် သိပြီးဖြစ်သော်လည်း ပို၍ သိအောင် ကြားစေလိုလို့ အသံထွက်ပြီး ရှိခိုးသည် ။ နှစ်ယောက်ပူးကပ်ပြီး ဘေးချင်းယှဉ်ထိုင်နေကြသဖြင့် ပီပီသသ ကြားနေရသည် ။ သူဟာ ရတနာသုံးပါး ကြည်ညိုတယ်၊ မိကောင်းဖခင် သမီးဖြစ်တယ်၊ လင်သားအပေါ်မှာ သစ္စာရှိတယ်ဆိုတာတွေကို ပြချင်တာလည်း ပါသည် ။ ကိုစိုးလှိုင်က သဘောပေါက်လို့ သည်းခံစောင့်ရသည် ။ ဘုရားရှိခိုးပြီးမှ အရေးကြီးသည့် စကားကို ပြော

မည်ဖြစ်သည် ။

ဘုရားရှိခိုး အရှည်ကြီး ပြီးပြန်တော့လည်း အရေးကြီးသည့် စကားကို မပြောသေးဘဲ တရားရှုမှတ်နေပြန်သည် ။ တရားရှုမှတ်နေတာ ထွက်လေသိ၊ ၀င်လေသိဆိုတဲ့ မိုးကုတ်နည်းလား၊ ဖောင်းတယ်၊ ပိန်တယ်ဆိုတဲ့ မဟာစည်နည်းလား၊ ဘာနည်းဆိုတာ မသိရပေမယ့် ငြိမ်နေတာတွေ့ရသည် ။ ရုပ်နာမ်၊ ခန္ဓာတို့ စက္ကန့်မလပ် ဖြစ်ပြီးပျက်နေတာတွေကို မြင်အောင် ရှုမှတ်နေတာလား၊ အရေးကြီးတဲ့ စကားကို ဘယ်ကစပြီး ပြောလျှင်ကောင်းမလဲ စဉ်းစားနေတာလည်း ဖြစ်နိုင်သည် ။

"ပြုသမျှ ကုသလကို အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့"

မဖြူလေး တရားရှုမှတ်ရာမှ ပြီးဆုံးပြီးဖြစ်လို့ ဦးသုံးကြိမ်ချပြီး အမျှဝေလိုက်သည် ။ ကိုစိုးလှိုင်တောင် စိတ်ထဲက သာဓုခေါ်လိုက်မိပါသည် ။

ကိုစိုးလှိုင်သည် မဖြူလေးအကြောင်းကို ကောင်းကောင်း သိသူ ဖြစ်သည် ။ ပင်ကိုယ်စိတ်ရင်းကောင်းသူ ဖြစ်သည် ။ ရတနာသုံးပါးကိုလည်း တကယ် ရိုသေသူဖြစ်သည် ။ သူ မရိုသေချင်ယောင်ဆောင်နေတာ ကိုစိုးလှိုင်ကိုသာ ဖြစ်သည် ။ ကိုစိုးလှိုင်က အရေးကြီးတဲ့ စကားကို ကြားချင်လှပြီဖြစ်သည် ။

"အရေးကြီးတဲ့ စကား ပြောစရာရှိတယ်ဆိုတာ... ဘာလဲ၊ ပြော"

"အစ်ကို ဘုရားရှိခိုးပြီး ဘာဆုတောင်းလဲ"

"ထုံးစံအတိုင်း ဘဝတိုတိုဖြင့် မဂ်ဖိုလ် ရပါလို၏ ပေါ့ကွာ၊ ဘာဖြစ်လို့လဲ"

"သိချင်လို့ ပါ၊ ညီမကတော့ ဆုတောင်းတာတွေ အများကြီးပဲ...၊ ဒါပေမယ့် အစ်ကို့ သဘောထားကို သိချင်လို့ တစ်ခုတော့ ချန်ထားတယ်"

"ဘာများ တုန်းဟ"

"အစ်ကိုနဲ့ ညီမနဲ့ နောင်ဘဝမှာ ပြန်ပေါင်းရပါလို၏ ဆိုတာကို ချန်ထားတယ်၊ အစ်ကိုကရော နောင်ဘဝမှာ ညီမနဲ့ ပြန်ပေါင်းချင်သလားဟင်"

ဟာ... သောက်ကျိုးနည်း၊ ပြဿနာပဲ။ ဒီဘဝမှာ တကျက်ကျက်နဲ့ စကားများ ၊ ရန်ဖြစ်၊ စိတ်ကောက်၊ ချော့ရ၊ မှောက်အိပ်၊ ဆွဲလှန်မရလို့ ဒေါသထွက်ရသည့် အကြိမ်ပေါင်း မရေမတွက်နိုင် ဖြစ်နေသည် ။ နောက်ဘဝမှာ လည်း ဒီလိုပဲ စိတ်ညစ်နေရဦးမယ်ဆိုလျှင် မနိပ်။ ဒီဘဝမှာ တော့ သားသမီးလေးတွေမျက်နှာကို ထောက်ပြီး လင်မယားမကွဲအောင် အောင့်ခံ ပေါင်းသင်းနေရသည် ။ သံသရာတစ်လျှောက်လုံး ဒီလိုသာ စိတ်ကောက်နေလို့ ချော့နေရမည်ဆိုလျှင် အတော်စိတ်ညစ်စရာ ကောင်းမ

ည်...။ နောက်ဘဝမှာ ပြန်ပေါင်းရေးကိစ္စကို အတော်စဉ်းစားပြီး အဖြေပေးရမည်ဖြစ်သည်။

"အစ်ကို... မေးနေတယ်လေ၊ နောက်ဘဝမှာ ညီမနဲ့ ပြန်ပေါင်းချင်သေးလားလို့"

မေးနေပြီဖြစ်လို့ ဖြေရတော့မည် ဖြစ်သည်။ ဒီမေးခွန်းကိုမဖြေလျှင် စိတ်ကောက်ဦးမည်။ စိတ်ကောက်ပြီဆိုလျှင် ချော့မရ၊ မော့မရလို့ ဒီည လည်း ပြဿနာတက်ဦးမည်။ ကိုယ့်ဘက်က 'နောက်ဘဝမှာ ညီမနဲ့ ပြန်ပေါင်းချင်ပါတယ်'လို့ ပြောလိုက်လျှင် သူ့ဘက်က ဈေးတက်ပြီး လူပါးဝမှာ ကိုလည်း စိုးရိမ်ရသေးသည်။ နှစ်ပေါင်းနှစ်ဆယ်ကျော် ပေါင်းသင်းလာသည့် ဇနီး 'နောက်ဘဝမှာ ပြန်မတွေ့ချင်ဘူး၊ ပြန်မဆုံချင်ဘူး'လို့ ပြောရမှာ ကလည်း အတော်ခက်သည့် ပြဿနာ ဖြစ်သည်။ သူက ပြန်ဆုံချင်ပါတယ်။ ပြန်ပေါင်းချင်ပါတယ် ဆိုလျှင်လည်း သည်းခံလက်စနဲ့ ပြန်ဆုံ၊ ပြန်ပေါင်းရုံသာ ရှိတော့သည်။ သူ့သဘောကို အရင်သိအောင် မေးကြည့်လိုက်သည်။

"ညီမကရော... နောက်ဘဝမှာ အစ်ကိုနဲ့ ပြန်ဆုံ၊ ပြန်ပေါင်းချင်သေးလား"

"အစ်ကို... အရင်ပြော"

"နင်... အရင်ပြော"

အဲဒီမှာ ပြဿနာစတော့သည်။ ဒီလိုဖြစ်နေတာကိုက နှစ်ဦးနှစ်ဖက် မရိုးသားကြဘူးဆိုတာ ပြနေသည်။ 'နင်ပြောမှ ငါပြောမယ်' ဖြစ်နေသည်။ 'နင်က ဆုံချင်တယ်ဆိုမှ ငါက ဆုံမယ်။ ရှင်က ဆုံချင်တယ်ဆိုမှ ကျွန်မကလည်း ဆုံချင်တယ်' ဖြစ်နေသည်။ တစ်ဦးနှင့် တစ်ဦး နှစ်နှစ်ကာကာမရှိ၊ ရိုးသားမှုမရှိသည့် အတွက် အပေးအယူလုပ်ပြီး ဈေးဆစ်နေကြ

ရတာ ဖြစ်သည် ။ ဒါကို နှစ်ယောက် စလုံးက သဘောပေါက်နေကြသည် ။ ကိုစိုးလှိုင်က စပ်ဖြဲဖြဲအမူအရာဖြင့် ပြောနေသော်လည်း မဖြူလေးက ဒေါသမျက်လုံးဖြင့် မျက်နှာကျောတင်းသွားတော့သည် ။

"တော်ပြီ၊ သိပြီ...၊ သဘောပေါက်ပြီ...၊ လာပြန်မယ်"

ဘုရားကို ပေါက်ဆိန်ပေါက် ဦးချကန်တော့ပြီး ထိုင်ရာက ထလိုက်တော့သည် ။ ကိုစိုးလှိုင်ကို လက်မတွဲတော့ဘဲ ဘုရားကုန်းတော်ပေါ်က ဆင်းခဲ့ကြသည် ။ အိမ်ကိုအပြန် Taxi ပေါ်မှာ လည်း တစ်ဦးကိုတစ်ဦး စကားမပြောကြဘဲ အိမ်ကိုရောက်ခဲ့ကြသည် ။ ဘုရားပေါ်ရောက်မှ ပြောမည် ဆိုသည့် 'အရေးကြီးစကား'မှာ လည်း ဘယ်ရောက်လို့ ဘယ်ပေါက်သွားသည် မသိ။

*

အိမ်ကိုရောက်တော့လည်း ထုံးစံအတိုင်း ဖြစ်ပြန်သည် ။ ကိုစိုးလှိုင်ကို ထမင်းနူးခပ်ပေးသည် ။ ကိုစိုးလှိုင်တစ်ယောက်တည်း ညစာစားရသည် ။ ည အိပ်ရာဝင်တော့လည်း မဖြူလေးက စောစော အိပ်ရာဝင်ပြီး တစ်ဘက်စောင်းအိပ်နေသည် ။ နှစ်ယောက်ကြားမှာ ဖက်လုံးကြီးဖြင့် ခြားထားလိုက် သေးသည် ။ ဒီအဖြစ်မျိုးက ရိုးနေပြီဖြစ်သည် ။ သူ တစ်ညလုံးအိပ်မပျော်တော့ဘဲ တစ်ဘက်တည်း စောင်းအိပ်နေတော့မည် ဖြစ်သည် ။ မဖြူလေး၏ အကျင့်စရိုက်ကို ကိုစိုးလှိုင်သိသည် ။ အချော့ခံ ချင်သည် ။ ချော့တာမှ အတော်သည်းခံကြိုးစားပြီးချော့မှ ကိုယ်လိုရာကို ရလေ့ရှိသည် ။ ဒါမျိုး မကြာခဏဖြစ်နေတော့ ကိုစိုးလှိုင် စိတ်ပျက်လာသည် ။ မချော့ချင်လို့ တမင်ပစ်ထားလိုက်တဲ့ အခါ တွေလည်း ရှိခဲ့သည် ။

ကိုစိုးလှိုင်က သူ့နေရာမှာ ဝင်လှဲချလိုက်သည် ။ အိပ်ချင်ယောင်ဆောင်နေသည့် မဖြူလေးက သိသည် ။ ကိုစိုးလှိုင် လှဲအိပ်ချလိုက်ပြီဆိုတာသိ

လို့ တုတ်တုတ်တောင် မလှုပ်ဘဲ အိပ်မောကျနေ သယောင် ဟန်ဆောင်နေသည် ။ ကိုစိုးလှိုင် စိတ်ထဲက ပြုံးလိုက်မိသည် ။ နင် အိမ်ချင်ယောင်ဆောင်နေတာကို ငါသိပါတယ် ဆိုသည့် အတွေးဖြင့် ပြုံးလိုက်မိတာဖြစ်သည် ။ မဖြူလေး ဆယ်တန်း ကျောင်းသူဘဝမှာ မိမိနှင့် အကြောင်းပါခဲ့ပုံကို ပြန်လည်အမှတ်ရနေသည် ။

မဖြူလေးသည် ကိုစိုးလှိုင်နှင့် ဆွေမျိုးနီးစပ်တော်သည် ။ ရွာကျောင်းမှာ ရှစ်တန်းတက်နေစဉ် စာမေးပွဲ ၂ခါကျလို့ ရန်ကုန်ကိုပို့ပြီး ကျောင်းထားရာမှ ကိုစိုးလှိုင်နဲ့ ညားခဲ့တာဖြစ်သည် ။ ရန်ကုန်မြို့မှာ အခြေချနေထိုင်ကြသည့် ကိုစိုးလှိုင်တို့ အိမ်က ကျောင်းတက်ခဲ့တာ ဖြစ်သည် ။ အသက် ၁၉ နှစ်အရွယ် ဆယ်တန်းကျောင်းသူဘဝမှာ တစ်အိမ်တည်း အတူနေသည့် အစ်ကိုဝမ်းကွဲတော်သူ လူပျို ကိုစိုးလှိုင်နှင့် လက်ပွန်းတတီးနေကြရာမှ ညားခဲ့ကြတာဖြစ်သည် ။ ကိုစိုးလှိုင်က မိမိထက် ဆယ်နှစ်လောက်ငယ်သည့် ညီမ၊ ဇနီး မဖြူလေးကို အလိုလိုက်ခဲ့သည် ။ မဖြူလေးက အသက်ငယ်သည် ။ ရုပ်ချောသည် ။ မိဘတွေကလည်း အထိုက်အလျောက် ချောင်လည်သည် ။ အဲဒီအားသာချက်တွေကို အသုံးချပြီး သူ့ပညာရေးအားနည်းချက်၊ ဗဟု သုတ အားနည်းချက်တွေကို ဖုံးကွယ်ဖို့ကြိုးစားသည့် အနေဖြင့် ကိုစိုးလှိုင်အပေါ်မှာ အနိုင်ယူချင်သည် ။ ကိုစိုးလှိုင်ကို ချစ်လို့ ကြိုက်လို့ ယူခဲ့ရတာမဟုတ်၊ သတိလစ်ပြီး တစ်ချက်မှားမိတာနဲ့ မထူးတော့ဘူးဆိုပြီး နောက်မဆုတ်နိုင်လို့ ယူလိုက်ရတာဆိုတဲ့ပုံစံ ပြထားသည် ။ သူဆိုးသမျှကို ကိုစိုးလှိုင်က ခံရမည်။ ချော့ရမည်။ ငါလို အသက်ငယ်ငယ်၊ ဥစ္စာပေါ၊ ရုပ်ချောကို ရထားတဲ့ လူက ငါ့ကို မချော့လို့ ရမလား ဆိုတဲ့ ခံယူချက်ဖြင့် ရုပ်တည်လာခဲ့တာ ဖြစ်သည် ။

ကိုစိုးလှိုင်ကလည်း မိမိထက် များ စွာအသက်ငယ်သည့် ဇနီးချောလေးကို သည်းခံပြီး ချော့ခဲ့ပါသည် ။ ကြာလာတော့ သည်းမခံနိုင် ဖြစ်

လာသည် ။ ကွာရှင်းပစ်ဖို့ အထိ စဉ်းစားခဲ့ဖူးသည် ။ သားသမီးတွေ တစ်ယောက်မှ နှစ်ယောက်၊ သုံးယောက် ဖြစ်လာသည့် အခါ သားသမီးတွေရဲ့ မျက်နှာကို ထောက်ပြီး မကွဲမကွာတော့ဘဲ သည်းခံလက်စနဲ့ ဆက်ပြီး သည်းခံတော့မည်ဟု ဆုံးဖြတ်ခဲ့သည် ။ ဒါပေမယ့် နောက်ဘဝမှာ တော့ ပြန်မဆုံချင်တော့ဘူးဟု ဆုံးဖြတ်ထားခဲ့တာ ဖြစ်သည် ။ နောက်ဘဝမှာ ပြန်မဆုံချင်တော့သော်လည်း ဒီဘဝမှာ မကင်းနိုင်သေးဖြစ်နေသည် ။

မိမိကလွဲလို့ ချစ်သူအဖြစ် ရည်းစားတောင် မရှိခဲ့ဖူးသည့် အပျိုစစ်စစ် မဖြူလေးနှင့် မိမိတို့ ၏ အချစ်ရေးအစနှင့် အိမ်ထောင်သည် ဘဝအစ ပုံရိပ်တွေကို ပြန်လည်မြင်ယောင်လာသည် ။ မဖြူလေး စိတ်ကောက်တာတွေကို ချော့လိုက်လို့ စိတ်ကောက်ပြေသွားတဲ့ အခါ ချစ်စိတ်ဖြင့် ပျော်ခဲ့ပုံတွေကို ပြန်လည် အမှတ်ရလာသည် ။ နှစ်ယောက်လုံး သွေးပူပြီး အရမ်းချစ်၊ အရမ်းဖက်၊ အရမ်းပျော်ခဲ့ကြ တာတွေကို ပြန်လည်တွေးမိလာသည် ။ ကိုစိုးလှိုင်၏ ငယ်စိတ်တွေ ပြန်ပေါ်လာသည် ။ အိပ်ချင်ယောင် ဆောင်ပြီး တစ်ဘက်လှည့်အိပ်နေသည့် မဖြူလေးဘက်ကို လှည့်ကြည့်လိုက်သည် ။ အမှောင်ထဲမှာ မှုန်ဝါးဝါး မြင်ရသည် ။ ဒီအခြေအနေမှာ ချော့မည်ဆိုလျှင် နည်းနည်းတော့ခက်မည်လို့ သိထားသည် ။ နှစ်ယောက်၏ အလယ်မှာ စည်းခြားထားသည့် ဖက်လုံးကြီးကို ဖယ်လိုက်သည် ။ ဒါ ပထမအဆင့် ဖြစ်သည် ။

မဖြူလေးဘက်ကို စောင်းအိပ်လိုက်ပြီး မဖြူလေး၏ ကျောကို လက်ဖြင့် ထိကြည့်လိုက်သည် ။ တွန့်ခနဲဖြစ်သွားတာ သိလိုက်သည် ။ အိပ်ချင်ယောင်ဆောင်နေပြီး အသားကို လာထိတော့လည်း တွန့်ခနဲ ဖြစ်သွားသည် ။ ဖက်လုံးကြီး ဖယ်လိုက်တာကစပြီး သိနေသည့် အတွက် အသားချင်း ထိလာတော့မည်ဆိုတာကို ကြိုတင် မျှော်လင့်ထားပုံရသည် ။ မဖြူလေးကိုချော့နည်း ဒုတိယအဆင့် အနေဖြင့် မဖြူလေး၏ ယာဘက်

ပခုံးပေါ်ကို ကိုစိုးလှိုင်က ယာဘက်လက် တင်လိုက်သည် ။ တွန့်ခနဲ မဖြ စ်တော့ဘဲ ငြိမ်ခံနေသည် ။ ငြိမ်ခံနေသည့် အတွက် အလုပ်ဖြစ်ပြီဆိုတာ ကိုစိုးလှိုင် သိလိုက်သည် ။

တတိယအဆင့်အနေဖြင့် မိမိဘက်ကိုလှည့်လာစေရန် ပခုံးကို ဆွဲယူ လိုက်သည် ။ မဖြူလေး သည် အလိုက်သင့်ပါ လာပြီး ပက်လက်အနေအ ထား ဖြစ်သွားသည် ။ စောင်းနေသည့် လောင်းလှေကို ဆွဲလှန်လိုက်သ လို ပက်လက်ဖြစ်သွားသည် ။ သူအိပ်ပျော်နေသည့် အတွက် ဘာမှ မသိ သည့် ပုံမျိုး လုပ်နေသည် ။ ကိုစိုးလှိုင်က မိမိ၏ ဝဲဘက်လက်မောင်းပေါ် မှာ သူ့ဦးခေါင်းတင်နိုင်ရန် ဆန့်ခင်းပေးထားပြီး သူ့ခါးကိုဖက်ကာ ဆွဲလှ ည့်ယူလိုက်သည် ။ အခက်အခဲမရှိဘဲ အလိုက်သင့် ပါလာသည့် အတွက် နှစ်ယောက် မျက်နှာချင်းဆိုင်၊ ရင်ဘတ်ချင်း ကပ်သွားသည် ။ သူအိပ်ပျော်နေ သည့် အတွက် ဘာမှ မသိဘဲ လိုက်ပါနေရတာဆိုသည့် ပုံ လုပ်နေသေးသည် ။ ကိုစိုးလှိုင်က ဘယ်လက်ဖြင့် ကျောကို သိုင်းဖက် ရင်း ယာလက်ဖြင့် သူ့ခါးကို ဖက်လိုက်သည် ။ သူ့အတင်ခံ လိုက်ရသည့် မဖြူလေး၏ လက်သည် ကြိုးပြတ်သွားသော ရုပ်သေးမင်းသမီး၏ လက် လို ကိုစိုးလှိုင် ၏ ကိုယ်ပေါ်ကို ဘုတ်ခနဲကျလာသည် ။ သူအိပ်ပျော်နေသ ည့် အတွက် ဘာမှ မသိဘဲ လုပ်သမျှ ခံနေရတာဆိုတဲ့ ပုံစံ လုပ်နေတာ ဖြ စ်သည် ။ ကိုစိုးလှိုင်က အထာပေါက်သည် ။ မဖြူလေး၏ အကြောကို

သိနေလို့ အမှောင်ထဲမှာ ပြုံးလိုက်သည် ။ ဒီအခြေအနေမှာ လုပ်ချင် တာလုပ်လို့ ရနေပြီဆိုတာ သိသည် ။

မဖြူလေး၏ တစ်ကိုယ်လုံးကို လက်နှစ်ဘက်ဖြင့် တင်းတင်းဖက်ပြီး နဖူး၊ ပါးနှစ်ဘက်နှင့် လည်ပင်းပါမကျန် ခပ်ကြမ်းကြမ်း နမ်းပစ်လိုက် သည် ။ အဲဒီလိုနမ်းလိုက်တော့ စောစောက ကြိုးပြတ်ကျနေသည့် ရုပ်

သေးမင်းသမီးက လက်ကြီးဖြင့် ကိုစိုးလှိုင်၏ ခါးကို တင်းတင်းပြန်ဆွဲ ဖက်နေတော့သည် ။ အိပ်ပျော်နေတယ်ဆိုပြီး ဘယ့်နှယ်ဟာပါလိမ့်ဟု တွေးရတော့သည် ။ ကိုစိုးလှိုင်နှင့် မဖြူလေးတို့ ဇနီးမောင်နှံသည် နောက်ဘဝမှာ ပြန်ဆုံမလား၊ မဆုံလားတော့ မသိပါ။ ဒီဘဝမှာ တော့ ညပေါင်းများ စွာ ပြန်ဆုံနေကြဦးမှာ သေချာသည် ။ ။

**အဏ္ဏဝါစိုးမိုး**

အမှတ်-၄၃၊ ဒီဇင်ဘာ၊
၂၀၁၅(သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း)

*

# စစ်မှန်တဲ့ အနုပညာမှာ ဘာနဲ့ မှ မျှားလို့ မရတဲ့ အတွက် သူ ငိုကြွေးတယ်

မောင်သင်းထုံ (ကျောက်မဲ)

မောင်သင်းထုံ (ကျောက်မဲ)ပါ။ ဘာမှ မပြောဘဲ ဆက်ဟောရင် လူကို 'နေတိုး'နဲ့ ကလည်း မှားမှာ စိုးရသေးရဲ့ (ရယ်သံများ )။ ဘာလဲ။ မယုံကြဘူးလား။ အိမ်က သက်မွန်မြင့် ကတော့ ကျွန်တော့်ကို နေတိုးနဲ့ တော်တော်တူတယ်လို့ ပြောပါတယ်။ 'ဟ၊ လုပ်ပါဦး။ ငါနဲ့ နေတိုးနဲ့ က ဘယ်နေ ရ ၁၈၂၁ တူနေတာလဲ...။ နောက်တစ်ခါ ဟောပြောပွဲကျရင် ပရိသတ်ကြီးကို ပြောပြရ အောင်ပါ' ဆိုတော့... 'ရှင်နဲ့ နေတိုးနဲ့ တူတာက... တခြားနေရာတူတာ မဟုတ်ပါဘူး... ခြေဖနောင့် ပဲ တူတာပါ'... တဲ့ ။ (ရယ်သံများ )။

မောင်သင်းထုံပါ။ ဟင်... လူကဖြင့် အသက်က ကြီးနေပြီ။ နာမည်ကျတော့ ဘာလို့ 'မောင်သင်းထုံ'လို့ မှ ည့်ရတာတုန်းလို့ မေးရင်တော့ ဟုတ်ကဲ့ ဖြေပါ့မယ်။ ပထမ အသက်ကိစ္စ။ ဒီ ၂၀၁၃ မှာ ကျွန်တော့်အသက် အစိတ်ပြည့်ခဲ့တာပါ။ (မကျေမနပ်နဲ့ အော်ဟစ်သံများ )။ ဘာလဲ ပရိသတ်ကြီးက မယုံဘူးလား။ မယုံသေးရင် ပြန်ပြင်ပြောပါ့မယ်။ ကျွန်တော့်အသက် အစိတ်ပါ။ အဲဒီ အစိတ် အစိတ်က နှစ်ခါ ရှိပါပြီ။ (အော်သံများ ) ဒါတောင် မယုံကြသေးဘူးလား။ ဒါဖြင့် ကျွန်တော် ပြန်ပြောပါ့မယ်။ ကျွန်တော့်အသက် အစိတ်... အစိတ်... နှစ်ခါကျော်သာ အတော်

လေးကို ကြာခဲ့ပါပြီ။ တော်ပါသေးရဲ့ ခုတော့ ယုံသွားကြပြီ ထင်ပါရဲ့ ... ။ ဘာသံမှ မကြားရတော့ပါဘူး။

နောက်... ကလောင်နာမည်ပါ။ မောင်သင်းထုံပါ။ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ (ဇာတ်ညွှန်းရေးဆရာကြီးကို 'ဆရာဦးဉာဏ'လို့ ခေါ်တာထက်၊ အသက်ဘယ်လောက်ပဲ ကြီးကြီး 'ဆရာဉာဏ'လို့ ခေါ်တာ ကြိုက်ပါတယ်။ ပရိသတ်များ ဒါကို မှတ်ထားကြပါ။ ဘာပြုလို့ လဲဆိုတော့ စာရေးဆရာတွေဟာ သူ့ရဲ့ ကလောင်နာမည်ကို မြတ်နိုးတန်ဖိုးထားကြလို့ပါပဲ။ ဒါကြောင့် ကျွန်တော့်နာမည် မောင်သင်းထုံပါ။ 'ဦးသင်းထုံ'လို့ ခေါ်ကြရင်တော့ ဒါ စာရေးဆရာ မဟုတ်တော့ဘူး။ 'လူ' နာမည်ကြီး ဖြစ်သွားတော့မပေါ့။

ကိုင်း... ဒါဖြင့် ဟုတ်ပါပြီ။ ဒီ... 'မောင်သင်းထုံ'ဆိုတဲ့ ကလောင်နာမည်ကြီး ဘာပြုလို့ ရွေးရတာတဲ့ လဲ။ လူက ရုပ်ကြမ်းကြီးနဲ့ စာရင် ကလောင်နာမည်က နွဲ့လွန်းမနေဘူးလား။ ပြောရင် လည်း ခံရမှာ ပဲ။ စာရေးဆရာ ကဗျာဆရာတွေဆိုတာက အနုပညာသမားတွေလေ။ အနုအနွဲ့ကို ကြိုက်ကြပေမပေါ့။ ဘာကြောင့် 'သင်းထုံ' ဆိုတဲ့ နာမည်ယူဖြစ်သလဲဆိုတော့... ရှေးကရေးတဲ့ 'ဆယ့်နှစ်လရာသီပန်းဘွဲ့'ကဗျာ ရှိတယ်မဟုတ်လား...။

ဘာတဲ့ ...

ပန်းကံ့ကော် ရွှေစံကား၊ ငွေသားနု စပယ်မှန်

မြတ်လေးခတ်တာနဲ့ ရွှေယင်းမာ ကြာခဝဲ

ဖွဲ့စနှင်းလျှံ၊

သဇင်ကျန်

ခွာတံပေါက်လဲ

ပွင့်ဝတ်မှုန်ရွှေဖီမင်း၊

'သင်းထုံ'လို့ ကဲ။

အဲဒီ'သင်းထုံ'ဆိုတဲ့ နာမည်ကို ယူတာပါ။ သဘောကတော့ 'ကျွန်တော့်ရဲ့ စာပေအနုပညာ ကဗျာတွေ၊ ပြည်သူတွေကြား မွှေးပျံ့သင်းထုံနေပါစေ'... ဆိုတဲ့ အဓိပ္ပါယ် ယူတာပါ။ ဒါပေမယ့် 'သင်းထုံ'ဆိုတာ တရုတ်လိုအဓိပ္ပါယ်ကတော့ 'ဓာတ်မီး' တဲ့ ။ (ရယ်ကြသံများ ) ဒါကလည်း တစ်ခုတော့ ကောင်းပါတယ်။ ကျွန်တော့်ရဲ့ ကဗျာစာပေတွေနဲ့ ပြည်သူတွေကို အလင်းရောင် ပေးရတာပေါ့။ ဟုတ်ဘူးလား။

ကျွန်တော်က စာရေးဆရာအပြင်၊ အပြင်က ဘော်ဒါဆောင်တွေမှာ ကျူရှင်ပြတော့ ကျွန်တော် လှတာ၊ ချောတာတွေကို သဘောကျတဲ့ ကျောင်းသူချောချောလေးတွေက ကျွန်တော့်ကို 'နေတိုးထုံ' ရယ်လို့ ခေါ်ကြတယ်(ရယ်သံ၊ အော်ဟစ်သံများ )။ ခေါ်ကြပါစေလေ... ဟုတ်လို့ ခေါ်တဲ့ ဟာပဲဟာ (ရယ်သံများ )။ ဒါပေမယ့် ကျွန်တော်ချောတာ လှတာတွေကို ကြိတ်ပြီး တိတ်တိတ်မနာလိုကြတဲ့ ကျောင်းသားတွေကတော့ ကွယ်ရာမှာ ခေါ်ကြတာက 'ဗေလုထုံ'တဲ့ (ရယ်သံ၊ ထောက်ခံသံများ )။ 'မိုးဒီထုံ'တဲ့ (ရယ်သံများ )။ 'ဧရာထုံ' လို့ ခေါ်ဖော်မရတာ တော်ပါသေးရဲ့ (ခေါ်မယ်၊ ခေါ်မယ်)။ ဒါပေမယ့် ကျွန်တော့်ရဲ့ တကယ်နာမည်အစစ်က 'စိုင်းစိုင်းခမ်းထုံ'ပါ (မတရား အော်ဟစ် ရယ်မော သံများ )။ ဒါက ၂၀၁၁ ကတည်းက မှ ည့်ခဲ့တဲ့ နာမည်ပါ။

ဒီနှစ်တော့ ခေတ်နဲ့ အညီ ကျွန်တော့်နာမည်ကို ပြောင်းလိုက်ပြန်ပါပြီ။

"ပြေတီထုံ... ပြေတီထုံ မဟုတ်လား..."

'မဟုတ်ပါဘူး... အဲဒီနာမည် မကြိုက်ပါဘူး။ ခု နောက်ဆုံးပြောင်းလိုက်တဲ့ နာမည်က 'ထုံဝေယံ'ပါ (အော်ဟစ်ရယ်မောကြသံများ )။

အဲဒါက မိတ်ဆက်ပါ။ ဟောပြောပွဲက ခုမှ စမှာ ပါ။ ဒီနေ့ မောင်သင်းထုံ ဟောပြောမယ့် ခေါင်းစဉ်ကတော့ "ရွှံ့စရာကြီး" ။ ပရိသတ်ကလည်း ဟောပြောမယ့်ခေါင်းစဉ်ကို ကျွန်တော်နဲ့ အတူ အားပါးတရ လိုက်အော်ကြပါတယ် (ရွှံစရာကြီး... တဲ့ )။ ရှေးကတော့ အလွမ်းရုပ်ရှင်တွေမှာ မျက်ရည်မခိုင်တဲ့ လူများ လက်ကိုင်ပဝါ အပိုတစ်ထည် ယူလာခဲ့ကြပါလို့ ကြော်ငြာပါတယ်။ ခုဟာက... ရွှံစရာအကြောင်းတွေ ဟောမှာ ဆိုတော့ ရွှံတတ်တဲ့ လူများ ...၊ ဥသြမဆွဲ၊ ဆန်ပြုတ် မသောက်ရလေအောင် ကွပ်ကွပ်အိတ်လေးတွေ ယူဆောင်လာခဲ့ကြပါလို့ ... ( မလိုပါ... ဘူး)။

ကဲ... ဒါဖြင့် ကောင်းပါပြီ။ စဟောပါတော့မယ်။ အရင်းရှင်နိုင်ငံတွေမှာ က လူတန်းစားခွဲခြားမှု အင်မတန်ကြီးပါတယ်။ ချမ်းသာတဲ့ သူတွေက ကျိုကျိုတက်ချမ်းသာသလောက် ဆင်းရဲတဲ့ သူတွေက လွှတ်ပြီး ဆင်းရဲကြပါတယ်။ အရင်းရှင်လူနည်းစုက စက်ရုံကြီးတွေရဲ့ အုပ်ချုပ်ရေးပိုင်းမှာ တာဝန်ယူ၊ လခတွေကျတော့ အများကြီး ရလို့ အိမ်ကြီးအိမ်ဟောင်းတွေမှာ ရေမီးအပြည့်အစုံနဲ့ ဇိမ်ခံနေ ကြပါတယ်။

အနိမ့်ဆုံး လခစားအလုပ်သမားတွေ ကျတော့ ဆယ်ပေပတ်လည် အခန်းကျဉ်းလေးထဲမှာ မိသားစုတစ်ပြုံကြီး နေရတယ်။ တစ်ခန်းလုံးမှာမှ ၂၅ ဝပ်အား မီးသီးလေးက တစ်လုံးတည်း ရှိပါတယ်။ စက်ရုံအလုပ်သမား တစ်ယောက်တည်းရဲ့ လစာနဲ့ မလုံလောက်တော့ ကလေးတွေကို ကျောင်းမထားနိုင်ပါဘူး။ အစာရေစာလည်း ဝလင်အောင်မစားကြရတော့ ကလေးတွေဆိုတာ အမှိုက်ပုံတကာလည်း တွေ့ကရာကောက်

စား၊ ခွေးတွေကျီးတွေနဲ့ လုစားနေကြရပါတယ်။ တစ်နေရာမှာ အဆုတ်ရောဂါသည် တွေရဲ့ ဆေးရုံဘေး အမှိုက်ပုံကြီးရှိပါတယ်။ ကလေးတွေဟာ အမှိုက်ပုံထဲ စားစရာဖြရှာရင်းက တစ်နေရာမှာ အဆုတ်ရောဂါသည် တစ်ယောက်ရဲ့ အန်ဖတ် ချောက်ကြီး တွေ့တဲ့ အခါ ဆာနေတော့ ကောက်စားရပါတယ် (ဝေါ... ထွီ)။ ရွံစရာကောင်းရဲ့ လား (မကောင်းပါဘူး)။ မကောင်းရင်တော့ ဆက်ဟောရမှာ ပါ။

တစ်ခါက သဲကန္တာရထဲ ခရီးသွားနေကြတဲ့ လူတစ်စုဟာ မျက်စိလည်လမ်းမှားပြီး လိုရာခရီး မရောက်ကြတော့ပါဘူး။ အစာရေစာလည်း ပြတ်လပ်၊ ဘယ်ကြည့်ကြည့် သဲပင်လယ်ကြီးသာ မျက်စိတစ်ဆုံး မြင်နေရတော့ မတ်ရပ်ကနေ လဲလို့ သေပွဲဝင်ကုန်ကြရတော့မယ့် အချိန်ရောက်နေပါပြီ။ လမ်းဆက်လျှောက်ဖို့ မပြောနဲ့ ၊ လူက အစာမစားကြရတော့ လှုပ်တောင်မှ မလှုပ်နိုင်ကြတော့ဘူးပေါ့။ အဲဒီအချိန်မှာ သဲသောင်ပြင်ရဲ့ အစပ်တစ်နေရာမှာ မည်းမည်းပြောင်ပြောင်တစ်ခု မြင်ရတာနဲ့ ဘာကြီးပါလိမ့်လို့ လူတစ်ယောက်က ရှိတဲ့ အားနဲ့ လေးဘက်ထောက်သွားကြည့်တော့ စဥ့်အိုးကြီး တစ်လုံး ဖြစ်နေတာကို တွေ့ရပါတယ်။ ဒါနဲ့ လူတွေလည်း စိတ်ဝင်စားပြီး သဲတွေကိုယက်ထုတ်၊ စဥ့်အိုးကြီးကိုဖော်၊ စဥ့်အိုးကြီးရဲ့ အဖုံးကိုဖွင့်ကြည့်တော့... လား... လား... အိုးထဲမှာ တွေ့ရတာ တွေက နှစ်ချို့ပျားရည်တွေ... တဲ့ ။

အို... ဘာပြောကောင်းပါ့မလဲ။ အစာပြတ်နေတဲ့ လူတွေဆိုတာ ဆာဆာနဲ့ ရရာခွက်တွေ၊ ပုံးတွေ၊ အိုးတွေနဲ့ ခပ်ပြီး သောက်လိုက်ကြတာမှ ဂွက်ခနဲ ဂွက်ခနဲနေတာပဲတဲ့ ။ ရေဆာတိုင်း အဆာမပြေတိုင်း သောက်လိုက်ကြတာ။ အိုးတစ်ဝက်နီးပါးလည်း ကုန်ရော၊ အိုးထဲမှာ တစ်ခုခု တွေ့နေရပါတယ်လို့ ကြည့်လိုက်တဲ့ အခါလား... လား ငတ်တုတ်ကြီးတွေ့ရတာက လူသေကောင် ကြီးတဲ့ (ဝေ့ါ...အော့အော့တွီ)။ သဲကန္တာရထဲက

လူတွေကတောင် မအန်ရသေးဘူး။ ပရိသတ်က အန်ကုန်ကြပါပြီ။ ရွှံ့စရာကောင်းလို့ တဲ့ ။ ရွှံ့ကြပြီလား။ ရွှံစရာကောင်းရဲ့ လား (ရွံ့စရာကောင်း ပါတယ်...)။ တချို့ကလည်း (မရွံ့ပါဘူးဗျို့) အော်ကြပါတယ်။ ရွှံ့စရာမကောင်းဘူး ဆိုရင်တော့ ဆက်ဟောရဦးတော့မှာ ပါ။

တ ရ ၁းပ ွဲမ ျ၁ နိဗ္ဗာန်ရောက်ကြောင်းဟောတဲ့ ဆရာတော်က ပရိသတ်ကြီးကို နိဗ္ဗာန် မရောက်မချင်း ဟောရသလိုပဲ။ ခုဟာကလည်း ဟောပြောမယ့်ခေါင်းစဉ်က 'ရွံ့စရာကြီး'ဆိုတော့ ပရိသတ်တွေ မရွံ့မချင်းကို ဟောရမှာ ပါ။ (ဟောပါ... ဟောပါ) ကဲ... ကောင်းပါပြီ။ ရွံ့စရာကိုမှ မရွံ့ကြသေးဘူးဆိုရင် ဆက်ဟောပ့ါမယ်။

ဒီတစ်ခါဟောမှာ ကတော့ အမျိုးသားတွေနဲ့ ပဲ ဆိုင်လိမ့်မယ် ထင်ပါတယ်။ ဆံပင်ညှပ်ဆိုင်က ထူးဆန်းတဲ့ အဖြစ်အပျက်လေး တစ်ခုပါ။ ဆံသ ဆ ိုင ်တေ ွမ ျ၁ ဆံပင်ညှပ်ကြတယ်။ ကတုံးရိတ်တယ်။ မုတ်ဆိတ်ရိတ်ကြတဲ့ လူတွေလည်း ရှိပါတယ်။ မုတ်ဆိတ်လာရိတ်တဲ့ လူက၊ ဝဝ ပြည့်ပြည့်ဖြိုးဖြိုးဆိုရင် အကြောင်းမဟုတ်ပေမယ့် မုတ်ဆိတ်လာရိတ်တဲ့ လူက ပိန်ပိန်ပါးပါးဆိုရင် ဆံသဆရာမှာ လွှတ်ဒုက္ခရောက်တတ်ကြပါတယ်။ ဒီအထဲကမှ မုတ်ဆိတ်ရိတ်တဲ့ လူက အံသွားတွေ၊ ဘာတွေကျိုးလို့ ပါးတွေ ဘာတွေ ချိုင့်ခွက်ဝင်နေရင်တော့ အဲဒါ သေချင်စော်ကို နံကရောပါပဲ။ ကြာလာတော့ အလုပ်က သင်ထားတာနေမှာပေ့ါ။ မုတ်ဆိတ်လာရိတ်ကြတဲ့ သူတွေထဲက အဲဒီလို ခပ်ပိန်ပိန်၊ သွားကျိုးကျိုး၊ ပိန်ချိုင့်နေတဲ့ လူအတွက် ဆိုင်က စပယ်ရှယ်သီးသန့်စီစဉ်ထားတဲ့ သစ်သားလုံးလေးတွေ ရှိပါတယ်။ ဒီတော့ မုတ်ဆိတ်ရိတ်ရင် ချောင်ကြုံချောင်ကြားရိတ်လည်း ဓားထိမှာ မပူရတော့ဘူးပေ့ါ။

ခုလည်း အောက်က မုတ်ဆိတ်အရိတ်ခံနေတဲ့ လူဟာ အပေါ်က

ပြောခဲ့တဲ့ လူတွေရဲ့ ဒီဇိုင်းမို့ သူ့ကိုလည်း စပယ်ရှယ်စီစဉ်ထားတဲ့ သစ်သားလုံးလေး ငုံနိုင်းပြီးမှ မှတ်ဆိတ်ရိတ်ရပါတယ်။ အရေးထဲ ဓားတစ်ချက်နဲ့ တစ်ချက်ကြား အောက်ကလူက၊ စကားတွေ မေးမေးနေပြန်ပါတယ်။ ခင်ဗျားတို့ စီစဉ်ထားတဲ့ သစ်သားလုံးလေးတွေက အဆင်တော့ပြေပါရဲ့ ။ ဒါပေမယ့် ခုလိုငုံထားရင်းက မနေနိုင်တော့ စကားတွေ ပြောမိရော။ ရယ်တဲ့ အခါရယ်နဲ့ ၊ မတော်... ပါးစပ်ထဲကျ၊ မျိုချမိလိုက်ရင် ကောလို့ မေးပါတယ်။ အဲဒီလူက သူ့ဖြစ်မှာ စိုးရိမ်နေတဲ့ ပုံစံပါ။ ဒါပေမယ့် ဆံပင်ညှပ်၊ မှတ်ဆိတ်ရိတ် ပေးနေတဲ့ ဆရာကတော့ အေးအေးဆေးဆေးပါပဲ။ ကိစ္စမရှိပါဘူး။ ဗိုက်ထဲဝင်သွားလည်း နောက်တစ်နေ့ကျတော့ ရေဆေး၊ ပြန်လာပေးကြတာပါပဲ။ ခု ခင်ဗျားပါးစပ်ထဲက သစ်သားလုံးဆို ကုလားကြီးက မနေ့ကမှ ရေဆေး၊ ပြန်လာပေးတဲ့ အလုံးပါ။ (ဝေါ့... အော့ ...အော့၊ ထွီး ရွံ့စရာ ကောင်းလိုက်တာ...)

ကဲ... ပရိသတ်ကြီးကို အခုဆက်ဟောမယ့်အကြောင်း မပြောခင် တစ်ခုလောက် မေးပါရစေ... ‘မြို့သားနဲ့ တောသား ဘယ်သင်းက ပိုလည်မယ် ထင်ပါသလဲ’။ (မြို့သား) ဟုတ်ပြီ။ (တောသားက ပိုလည်ပါတယ်) ဟုတ်ပ့ါမလား၊ တောသားကတောမှာ ပဲ နေရတဲ့ ဟာကိုး။ (တောသား-တောသား)။ ဟုတ်ပါပြီ။ ဒါဆို ဒီအကြောင်းလေးကို စပြောပ့ါမယ်။

မြို့ကိုရောက်တဲ့ တောသားတွေ ဘာတွေ လုပ်တတ်ကြသလဲ။ ဆံပင်ညှပ်၊ ဖိနပ်သဲကြိုးလဲ၊ ခေါက်ဆွဲစားပြီးမှ ဓာတ်ရှင်ကြည့်ကြတာပေ့ါ။ ဟုတ်ဘူးလား။ တစ်ခါက ရွာသားတစ်ယောက် မြို့သွားလည်တာ၊ တည်းတော့ ဘုန်းကြီးကျောင်းမှာ တည်းပါတယ်။ တခြားတောသားတွေလိုပါပဲ။ သူကလည်း မြို့ရောက်တုန်းဆိုပြီး ဒန်ပေါက် ဝယ်စားပါတယ်။ ဖာလူဒါသောက်တယ်။ ဟန်ဘာဂါ ဝယ်စားတယ်။ ဗိုက်ထဲမှာ အစာစုံတော့ သူ့ဗိုက်က ဆန္ဒပြလာပါရောလား။ ခက်တာ မြို့ဆိုတာက နေရေးထက်

ပါရေး ပေါက်ရေးခက်တာ သူမှ မသိတဲ့ ဟာ။ ပါချင်လွန်းအားကြီးလို့ သူ တည်းခိုတဲ့ ကျောင်းကို အပြေးတစ်ပိုင်း ပြန်လာတာပါ။ အတတ်နိုင်ဆုံး တော့ ထိန်းပါသေးရဲ့ ။ ဒါပေမယ့် ဘယ်လိုမှ ကို မအောင့်နိုင်တော့တာနဲ့ လူပြတ်တဲ့ လမ်းကြားမှာ သူ့ဗိုက်ပြဿနာ ဖြေရှင်းလိုက်ရ တော့တာပါပဲ ။ ဟင်း…။

ခက်တာက ပြီးလုပြီးခင်မှာ လမ်းထဲလျှောက်လာတဲ့ ရဲသားတစ် ယောက်နဲ့ တိုးတော့၊ တောသားက လျှပ်တစ်ပြက် ဉာဏ်ဆင်လိုက်ရတ ယ်။ နို့မို့ရှိရင် 'ဟေ့ကောင်၊ မင်းက ဘယ်ကလဲ ဘာညာ'နဲ့ ဘာမှ အပြစ် ရှာမတွေ့တောင် လမ်းမပေါ် မစင်စွန့်မှုနဲ့ အရေးယူခံရတော့မှာ ကိုး။ ဒီ မှာ … ကိုရွှေတောသားက ဉာဏ်ထက်ပါ။ သူ့ခေါင်းပေါ်က ဝါးဘက်ခ မောက်ကလေးကို စုတ်ခနဲချွတ်၊ သူ့အီးပုံကို ခမောက်နဲ့ ဖုံး၊ သူ့ကို မသင်္ကာလို့ အနားကပ်လာတဲ့ ရဲသားကို သူက ဦးအောင် အကူအညီ တောင်းပါတယ်။ သူတို့ ကလည်း ကူညီပါရစေ။ ကူညီပါရစေခင်ဗျ ဆို သကိုး။ 'ရဲကြီးရယ်၊ တခြားဟုတ်ပါဘူး။ ဟောဒီ ကျုပ်ရဲ့ ခမောက်အောက်မှာ စကားပြောတတ်တဲ့ ငှက်ကလေး ရှိပါတယ်။ လှောင်အိမ်ထဲက လွတ်သွားလို့ လိုက်ဖမ်းရင်း ဒီနားမှာ ကျမှ မိတာပါ။ ကူညီတဲ့ အနေနဲ့ ရဲ ကြီးက ကျွန်တော့်ရဲ့ ခမောက်လေးကို အသာဖိထားပေးပါ'ဆိုတော့ ဟု တ်ပြီပေါ့။

အဲဒီတုန်းမှာ ရဲသားကြီးအဖြစ်က လှောင်အိမ်ပြန်ယူတဲ့ လူကလည်း ကြာပေါ့။ ဒီမှာ ခမောက်အောက်က စကားပြောတတ်တဲ့ ငှက်ကလေးကို လည်း ကြည့်ချင်လှပြီ။ ဘာရောင်လေးပါလိမ့် မလဲပေါ့။ ငှက်ကလေးက စကားပြောရတတ်တယ်ဆိုတော့ 'မင်္ဂလာပါ ရဲကြီး' လို့ များ နှုတ်ဆက် လိုက်မှာ လား၊ စိတ်ထဲက ခမောက်ကိုလှန်ပြီး ကြည့်ချင်လှပြီ။ မတော် လွတ်သွားမှာ ကလည်း စိုးရသေး။ ဒီတော့ ရဲကြီးက ခမောက်လေးကို

အသာအယာ လှုပ်၊ ငှက်ကလေး မပြေးနိုင်အောင် လက်မနဲ့ တခြားလက်တွေကို အသာကွေး၊ ခမောက်အောက်က ငှက်ကလေး ရှိမယ့်နေရာလောက်ဆီ မှန်းတဲ့ ပြီး ဆုပ်လိုက်တော့ ဖွဲခနဲ... ။ (ဟာ... ရှုံ့စရာကောင်းလိုက်တာ။ ဝေါ့ အော့ အော့ ထွီ ထွမ်) ရှုံ့ကြပြီလား။ မရှုံ့ကြသေးဘူးလား။ ဒါဖြင့် နောက်တစ်ခု ပြောရဦးမှာ ပေါ့။ အင်း (ရှုံ့ပါပြီ ရှုံ့ပါပြီ) မရဘူး။ အားလုံးမှ မရှုံ့ကြသေးတဲ့ ဟာ။ ပြောရဦးမလဲ။ မရဘူး... ဟူး။

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်တဲ့ ဘုရင်ကြီးတစ်ပါးမှာ အင်မတန်ချော၊ အင်မတန်မှ လှပတဲ့ မင်းသမီးလေးတစ်ပါး ရှိသတဲ့ ။ ထင်သာမြင်သာအောင် ပြောပြရရင်တော့ ခုခေတ် 'မိုးဟေကို'တို့ ၊ 'သင်ဇာဝင့်ကျော်'တို့ ဒီဇိုင်းမျိုး နေမှာ ပေါ့။ အဲဒီမင်းသမီးလေး အချိန်တန် အရွယ်ရောက်လို့ ကြင်ယာလောင်း ရွေးတဲ့ အခါမှာ ဘုရင်ကြီးဆိုတာ ဟိုးအဆက်ဆက် ဘုရင်တွေလို မဟုတ်ဘဲ အင်မတန်မှ ခေတ်မီ၊ မော်ဒန်ကျလေတော့ သမီးတော်အတွက် ကြင်ယာရွေးဖို့ အရေး ခါတိုင်းလို သမာရိုးကျ မြင်းစီး၊ မြားပစ်၊ နပန်းလုံးတဲ့ နည်းနဲ့ မယှဉ်ပြိုင်စေဘဲ တခြားတစ်နည်းနည်းနဲ့ စီစဉ်ထားသတဲ့ ။ ကောင်းပါလေ့ဗျာ။

အဲဒီနည်းကတော့ သူ့သမီးလေးရဲ့ ကြင်ယာဘက်ဟာ တိုင်းပြည်ထဲမ၂၁ ရှိကြတဲ့ လူပျိုလူလွတ် သာ မှန်ပလေ့စေ၊ ဆင်းရဲချမ်းသာမရွေး ယှဉ်ပြိုင်နိုင်အောင် စီစဉ်တာပါ။ တကယ်လို့ များ အဲဒီခေတ်က ဂရင်းနစ်စံတော်ချိန် ရွေးတဲ့ အဖွဲ့သာပေါ်ခဲ့ရင် အဲဒီဘုရင်ကြီးရဲ့ ပြိုင်ပွဲဟာလည်း အံ့ဖွယ်တစ်ပါးမှာ ပါမှာ သေချာပါတယ်။ ဘုရင်ကြီးစီစဉ်တဲ့ ပြိုင်ပွဲကတော့ တခြားမဟုတ်ပါဘူး။ 'ချီးအလှပြိုင်ပွဲပါ' (ဘာ...) ပရိသတ်ထဲမှ အသံများ ။

ဘုရင်ကြီးက သတ်မှတ်တဲ့ ရက်မှာ ပြိုင်ပွဲဝင် မင်းညီမင်းသားတွေက လာပြိုင်ကြ၊ ပါကြရမယ်။ တစ်ယောက်ချင်း ပြိုင်ရမယ်။ နေရာကို ယိုင်တွေပတ်ပြီး ကာထားပေးမယ်။ ပြိုင်ပွဲဝင်တွေရဲ့ ယှဉ်ပြိုင်မှုကိုတော့ ထုံးစံအတိုင်း မင်းကြီး မင်းလေး ဝန်ကြီး ဝန်လေးတွေက မှတ်တမ်းယူ ‘ ရက်ကော့’လုပ်ထားရမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ကြတဲ့ အီးပုံတွေရဲ့ ပုံသဏ္ဍာန်လှပမှု၊ အရောင်အဆင်း၊ နောက်ပြီးတော့ အရွယ်အစားတွေအပေါ် ကြည့်ပြီး ဆုံးဖြတ်မယ်။ ကွာတား ဖိုင်နယ်မှာ အစစအရာရာ တူနေတယ်ဆိုရင်တောင် လိုအပ်ရင် အနံ့၊ ဘာညာတွေပါ ထည့်တွက်ရ လိမ့်မယ်။ နောက်ဆုံး အငြင်းပွားစရာ ကြုံနေရင်တော့ ဒိုင်ရဲ့ အဆုံးအဖြတ်က အတည်ဖြစ်စေရ မယ်ပေါ့ ဟုတ်ပြီလား။

တိုင်းသူပြည်သားတွေက ဘုရင်ကြီးရဲ့ ဆန်းသစ်တီထွင်တဲ့ ပြိုင်ပွဲဝင်အသစ်ပုံစံကို ထောက်ခံကြိုဆိုကြတယ်။ အကြိုက်ဆုံးကတော့ ဟိုးအရင်က ဘုရင်တွေလို ပြိုင်ပွဲဝင်ရဲ့ ခနအင်အား ကို ကန့်သတ်ထားခြင်းမရှိတဲ့ အချက်ပါပဲ။ ဒါမှ တို့ ဘုရင်၊ ဒါမှ တို့ ရဲ့ ယှဉ်ပြိုင်မှု၊ တရုတ်သိုင်းကား တွေထဲကအတိုင်း ပြောရရင်တော့ ဝမ်စွေ့ဝမ်စွေ့... ဝမ်ဝမ်... စွေ့၊ ဘုရင်ကြီး သက်တော်ရာကျော် ရှည်ပါစေ... ၊ ဘာညာကွိကွ ဆုတောင်းကြတာနေမှာ ပေါ့။

ပွဲမဝင်ခင် အပြင်ကကျင်းပ ဆိုသလိုပါပဲ။ တစ်တိုင်းပြည်လုံးက လူပျိုလူလွတ်ရှိတဲ့ အိမ်တွေက ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ကြတယ်။ ခုတ်ရာတလွဲ၊ ရှရာတခြား၊ တချို့ပြိုင်ပွဲဝင်တွေ ကျတော့ တလွဲဆံပင်ကောင်း၊ အဲဒီပြိုင်ပွဲဝင်နေ့ကျရင် ဘာရောင်တောင်ရှည်ပုဆိုး ဝတ်မယ်။ အပေါ်ပိုးအင်္ကျီက အရောင်နု၊ ခေါင်းပေါင်းက ပိုးခေါင်းပေါင်းဝတ်ပြိုင်ကြမယ်ပေါ့။ အင်း၊ ပြိုင်ပွဲဝင်မှာ နဲ့ သူတို့ ရွေးတဲ့ အဝတ်အစားနဲ့ က

ဆိုင်ကောဆိုင်လို့ လား။ တချို့ လူပျိုလူလွတ်တွေ ပြိုင်ပွဲဝင်တဲ့ နေ့ အခ က်တွေ့မှာ စိုးကြတာက ရှက်ပြီး ယိုတဲ့ အခါ ထွက်မှ ထွက်ပါ့မလားပေါ့။ ဒါပေမယ့် လုံအောင်တော့ ကာထားပေးမှာ ပါ။ စိတ်ချ။

တချို့ကတော့ အီးပုံအလှပြိုင်ပွဲမှာ အီးအလှရအောင် ဘာတွေစားရ ပါလို့ စဉ်းစားတဲ့ လူက ရှိတယ်။ ဥပမာ… ရွက်စိမ်းစားရင် အစိမ်းရောင် ထွက်မယ်၊ သွေးခဲစားရင် အမည်းရောင်ထွက်မယ်၊ ပြိုင်ပွဲဝင်အီးပုံရဲ့ အ ပေါ်မှာ အစက်စက် အပြောက်အပြောက်လေးတွေ ပါအောင် မာလကာ သီး စားကြရင် မကောင်းဘူးလား… တိုင်ပင်ကြတယ်။ မာလကာသီး စားရင် ခါတိုင်းလို အစေ့ပါ ဝါးစားကြရင်တော့ အစက်အပြောက်က ရမှာ မဟုတ်ဘူး လို့ သတိပေးကြတဲ့ သူလည်း ရှိတယ်။ အရေးအကြီး ဆုံးတစ်ချက်က မာလကာသီးစားရင် ဝမ်းချုပ်တတ်တော့ အဲဒီနေ့ကျမှ ပြိုင်ချင်ဇော၊ မိုးဟောကိုလေးကို ရချင်ဇောနဲ့ ဇွတ်ပါနေလို့ က ပုံစံ လှလှ ပပမဟုတ်ဘဲ နီဂရိုးရဲ့ အီးတုံးလို မည်းမည်း လုံးတုတ်တုတ်ကြီး ထွက် လာလို့ က အမှတ်ပေးတဲ့ ဒိုင်တွေ သံသယဖြစ်နေကြပါဦးမယ်။ ဒါ တို့ တိုင်းပြည်က ထုတ်လုပ်တဲ့ ပစ္စည်းမှ ဟုတ်ရဲ့ လား… လို့ (ဝေါ့ အော့ အော့ ထွီး)။

ငွေကြေးချမ်းသာတဲ့ လူက ကြက်သား၊ ဝက်သား၊ ဘဲသား၊ ဆင်သား ၊ ဆတ်သား အကုန်စား၊ ငွေကြေးအကုန်အကျခံမှ တန်ဖိုးရှိတဲ့ အီးပါမှာ ပေါ့ ဆိုတဲ့ လူက ရှိသေးရဲ့ ။ တချို့ စိုးရိမ်တဲ့ လူကတော့ ခါတိုင်း ဝမ်းချူ ဘောနဲ့ သွားသွားနေရာက ပြိုင်ပွဲဝင်နေ့ကျရင် မထွက်မှာ စိုးတော့ ဂျိုလ် တု ဝမ်းနှုတ်ဆေးတွေ ဘာတွေသောက်ထားကြ၊ တကယ့်ပြိုင်ပွဲဝင်နေ့ ကျတော့ အီးပုံလှလှမထွက်ဘဲ၊ ဖြဲလရမ်းကြီး ပုံစံပျက်ထွက်လာတော့ ဒို င်လုပ်တဲ့ ဝန်ကြီးတွေ ဘယ်လိုလုပ် အမှတ်ပေးကြရမှန်း တောင် မသိကြတော့ပါဘူး၊ အတော်ဒုက္ခပေးတဲ့ အကောင်…။ ထွီး…။

မိုးဟေကိုနဲ့ တူတဲ့ မင်းသမီးလေးကို တိတ်တိတ်ကြိုက်နေရှာတဲ့ ပြိုင်ပွဲဝင် ဆင်းရဲသား လူပျိုလေးခမျာတော့ သူများ တွေလို ဟင်းကောင်းကောင်း မှ မစားနိုင်တဲ့ ဟာ တောထဲတောင်ထဲ ဆင်းရဲတော့ ယာထဲက ထွက်တဲ့ ရွှေဝါရောင်ကန်စွန်းဥပဲစားပြီး သွားပြိုင်ရတာ။ ဘယ်ကလာ... အားရှိပ့ါမလဲ။ မျှော်လင့်ချက်တောင်မှ သူ့ခမျာ မထားရဲပါဘူး။ ဒါပေမယ့်ဗျို့၊ တကယ့်ပြိုင်ပွဲမှာ ကျတော့ အဲဒီကန်စွန်းဥစားတဲ့ ဆင်းရဲသားလေးက အီးပုံအလှပြိုင်ပွဲမှာ ပထမရ ဗိုလ်စွဲသွားခဲ့ပါ သတဲ့ ။ လူတွေက သူ့အီးပုံကို မယုံလို့ မကျေနပ်တာနဲ့ သွားကြည့်ကြပါတယ်။ တကယ်ဗျာ၊ ဆင်းရဲသားရဲ့ အီးပုံလေးဆိုတာ ချစ်စရာလေး၊ အရောင်ကလည်း ရွှေဝါရောင်၊ အီးပုံကိုကြည့်တော့ အစဦးဆုံးနေရာက အရင်းတုတ်ပြီး၊ အပေါ်ရောက်တော့ တဖြည်းဖြည်း ရှူးရှူးသွားလိုက်တာ အပေါ်ဆုံး အဆုံးသတ်နေရာလည်း ကျရော ပြားပြားချွန်ချွန်လေးနဲ့ ဇတ်ဆို အဆုံးသတ်ထားတာ... ဘယ်လိုလေးမှန်းမသိပါဘူးဆို။ အဲဒီတုန်းက အိုင်ဖုန်းတွေ၊ ဘာတွေ မပေါ်သေးလို့ သာ မှတ်တမ်း မှတ်ရာ မကျန်ခဲ့တာ။ ခုချိန်ဆို... ချက်ချင်းဖေ့စ်ဘွတ်ပေါ် ရောက်နေလောက်ပြီ (ဝေါ့... အော့... အော့... ထွီ... ရွံပါပြီဗျာ...)။

ဒါထက် ရွံစရာကောင်းတာ ရှိပါသေးတယ်... ။ တစ်ခါက အညာဒေသက ရွာတစ်ရွာမှာ ဘုန်းကြီးကျောင်းသားလေးတစ်ယောက် ရှိပါတယ် ။ သူ့အိမ်က မိဘတွေက ဆင်းရဲတော့ ကျောင်းမှာ ပဲ ကျောင်းအိပ်ကျောင်းစား နေရပါတယ်။ အဲဒီကျောင်းသားလေးက စာတော်တော့ ဘုန်းကြီးက မြှောက်စားထောက်ပံ့လိုက်တာ။ ဆယ်တန်းစာမေးပွဲကို အောင်တာ ဂုဏ်ထူး ၄ ဘာသာတောင်မှ ပါဆိုပဲ။ ဆေးကျောင်းတက်ဖို့ မီတော့ ဘုန်းကြီးက တက်၊ ကျန်တာ တို့ ရွာဖွေထောက်ပံ့ကြမယ်ပေါ့။ ဒီလိုနဲ့ ဆေးကျောင်း ၇-နှစ်ကို ကပျစ်ကညစ်နဲ့ ထားလိုက်ရတာ၊ နောက်ဆုံးနှစ်

ရောက်လာတော့ တာပါပဲ။ အဲဒီနှစ်မှာ ပဲ ကျောင်းသားဟာ မြို့ပေါ်ကသူ ဌေးသမီးနဲ့ ရည်းစားဖြစ်၊ သူဌေးက သူတို့ သမီးနဲ့ ပေးစားလိုက်ကြတယ်။ ဆရာဝန်ဖြစ်တော့ သူတာဝန်ကျရာမြို့ သွားရတာပေါ့။

တစ်ရက် ရွာမှာ ကျန်ခဲ့တဲ့ သူ့ဆရာဘုန်းတော်ကြီးက နာမကျန်းဖြစ်တော့၊ သူ့တပည့်ရဲ့ ဆေးကုသမှု ခံချင်တာနဲ့ စာရေးမှာ တာပေါ့။ ဒါပေမယ့် တစ်ခါက သူ့တပည့် ဆရာဝန်လေးကတော့ သူ မအားလပ်လို့ မလာနိုင်ဘူး၊ ဆရာတော် တခြားဆရာဝန်နဲ့ ကုဖို့ တဲ့ ငွေနှစ်သောင်း ထည့်ပေးလိုက် ပါတယ်။ ဆရာတော်လည်း စိတ်ညစ်ညစ်နဲ့ ဘာဆေးမှ မကုတော့ဘဲ နေလိုက်တာ၊ နောက်တော့ ပျံလွန်တော်မူပါလေရော့လား။ ကဲ... အဲဒီဆရာဝန်လေးကို ဘုန်းတော်ကြီးကဖြင့် ပြုစုပျိုးထောင် လိုက်ရတာ။ သူလည်းကောင်းစားရော၊ ကျေးဇူးရှင်ဆရာတော်ကို မေ့ရောတဲ့ ။ အဲဒီလို ကျေးဇူးမသိ တတ်တဲ့ လူမျိုးဟာ လောကမှာ ရှံစရာမကောင်းဘူးတဲ့ လား (ကောင်းပါတယ်)။ အစောကပြောခဲ့တဲ့ ရှံစရာတွေထက် အဲဒီလူက ပိုပြီး ရှံစရာမကောင်းဘူးလား (ရှံစရာကောင်းပါတယ်)။ ကဲ ဒါကြောင့် မို့ ကျွန်တော်တို့ ၊ ခင်ဗျားတို့ တတွေဟာ ဘယ်ဘဝရောက်ရောက် ကျေးဇူးတရားကို မမေ့ကြဖို့ မှာ ကြားရင်း ဟောပြောချက်ကို နိဂုံးချုပ်အပ်ပါတယ်... ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဖြောင်း... ဖြောင်း... ဖြောင်း... ဖြောင်း (လက်ခုပ်သံများ )။ ။

**မောင်သင်းထုံ(ကျောက်မဲ)**

**အမှတ်- ၁၃၊ မေလ၂၀၁၃**
**(သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း)**

*